မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၉၅)

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်၊ သောကြာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ အားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူညီအစ်ကိုမောင်နှမများ အားလုံး မင်္ဂလာပါခင်ဗျား-**

ယနေ့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်နေ့တွင် ကျရောက်သည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများ အားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ စာမျက်နှာ ၅ ကော်လံ ၁ ◆



# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၅ ခုနှစ် (၇၈)ကြိမ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။ စာမျက်နှာ ၁၂ ကော်လံ ၁ ❐




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၇ ရက်)

# စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များပိုမိုတိုးတက်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ကိုဦးဆောင်လျက်ရှိရာတွင် ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးနှင့်ကျန်းမာရေးဆိုင်ရာကိစ္စရပ်များအားလုံးကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးလုပ်ဆောင်နေခြင်းဖြစ်သည်။ ဤသည်မှာ နိုင်ငံတော်တိုးတက်ကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရမည့်အစိုးရတစ်ရပ်၏ မူဝါဒများပင်ဖြစ်သည်။ ဤမူဝါဒအောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ သက်ဆိုင်သူအားလုံးက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်သည့်အတွက်လည်း ယခုအခါ နိုင်ငံတော်၏အခြေအနေအရပ်ရပ်မှာ တိုးတက်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်ကိုချမှတ်ထားသည်။ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးဆိုသည့်အချက်များမှာ နိုင်ငံတိုင်းအတွက် လိုအပ်သည့်အခြေခံအချက်များဖြစ်သည်။ နိုင်ငံတိုးတက်မှုကို ဂျီဒီပီဖြင့် တိုင်းတာရသည်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးဟူ၍ ကဏ္ဍသုံးရပ်က ဦးဆောင်နေသည်။ ထို့အတူ စိုက်ပျိုးကုန်ထုတ်လုပ်မှုတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံ၏ဂျီဒီပီလည်း တိုးတက်လာစေမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၃ ရက်ကကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **“မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် စိုက်ပျိုးရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့နိုင်သည့်အခြေအနေသို့ရောက်ရှိအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြု၍ အရည်အသွေးပြည့်မီသည့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများကို ပြည်ပသို့တိုက်ရိုက်တင်ပို့ခြင်းထက် ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့မည်ဆိုပါက အကျိုးပိုမိုဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးထုတ်လုပ်မှု သုတေသနလုပ်ငန်းများ၊ ဈေးကွက်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာစိုက်ပျိုးရေးတောင်သူများ၊ ကုန်ထုတ်လုပ်ငန်းဆောင်ရွက်သူများနှင့်တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ရန်လိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည်မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အတွက် ဒေသအလိုက် ထူးခြားသည့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးကို သုတေသနပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံအတွင်းစိုက်ပျိုးဖြစ်ထွန်းသည့် သရက်၊ စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီနှင့်အခြားသီးနှံများကိုအရည်အသွေးကောင်းမွန်စွာ ပိုမိုထုတ်လုပ်နိုင်ရေး အလေးထားဆောင်ရွက်ရာတွင် သုတေသနလုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည်။ ထိုသို့သုတေသနဆောင်ရွက်ရာတွင် ဒေသမျိုးရင်းများ မပျောက်ပျက်ရေးကိုလည်း အလေးထားရမည်ဖြစ်သည်။ စက်မှုကုန်ထုတ်သီးနှံများဖြစ်သည့် ဝါ၊ ဝါး၊ ရော်ဘာနှင့် အခြားသီးနှံများဖြစ်သည့် ပဲ၊ ပြောင်း၊နေကြာ၊ နှမ်းတို့သည် နိုင်ငံအလိုက်ဈေးကွက်ရရှိနိုင်သည့်အတွက် တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းမှန်သမျှတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးနှင့် ဆီထွက်သီးနှံများအထွက်နှုန်းတိုးတက်စေရေးကို နိုင်ငံတော်အကြီးအကဲအနေဖြင့် အမြဲတိုက်တွန်းမှာကြားလျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြည်တွင်းစားသုံးဆီဖူလုံရေးဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို များစွာလျှော့ချနိုင်မည်ဖြစ်သည်။ ပြည်ပမှစားသုံးဆီ နှစ်စဉ်ဒေါ်လာ သန်း ၅၀၀ ကျော်ဖိုးတင်သွင်းနေရသည်ကို ၂၀၂၆ ခုနှစ်တွင် လျှော့ချနိုင်ရေးစီမံဆောင်ရွက်လျက်ရှိသည်။ ဆီထွက်နှုန်းကောင်းသည့်နှမ်းကို ပန်းတိုင်ရည်မှန်းချက်ထွက်ရှိရေး၊ နေကြာကိုတိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းဆီလိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးကိုလည်း ကြိုးပမ်းကြရမည်ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်ဖြစ်ထွန်းစေရေး၊ ဒေသနှင့်ကိုက်ညီသည့်မျိုးများကို မွေးမြူနိုင်ရန်နှင့်စနစ်ကျနသည့်မွေးမြူရေးလုပ်ငန်းများကို ဦးစွာအကောင်အထည်ဖော်ဆောင်ရွက်ကြရန်ဖြစ်သည်။ မွေးမြူရေးဇုန်များအလိုက်လုပ်ငန်းများဆောင်ရွက်လျက်ရှိရာတွင် အောင်မြင်မှုရရှိအောင်မွေးမြူကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်းစီသာမက ဒေသနှင့်နိုင်ငံ၏အကျိုးကို များစွာအထောက်အကူဖြစ်စေသည့်လုပ်ငန်းများဖြစ်သည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူရေးနှင့် MSME ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စံပြကျေးရွာများ၊ စံပြမြို့၊ စံပြခရိုင်များသတ်မှတ်၍ ဆောင်ရွက်ကြရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ မဖြစ်မနေလိုအပ်သည်။ အဆိုပါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် (KG+9) အလယ်တန်းအဆင့်အောင်မြင်သူများကို မူလအခြေခံပညာအထက်တန်းပညာရေးအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များဆက်လက်သင်ကြားနိုင်ရေးနည်းလမ်းများကို ဆောင်ရွက်ပေးထားပြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံ့စီးပွားတိုးတက်မြင့်မားရေးအတွက် သက်ဆိုင်သူအားလုံးက ပိုမိုကြိုးစားလုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

**(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။**

**(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။**

**(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။**

**(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။**

**(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသောတပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## သဇင်(FM)အသံလွှင့်အစီအစဉ်

၇-၂-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ကျွန်ုပ်လည်း ရုတ်တရက်အဖြေမပေးနိုင်ဘဲ ငေးကြည့်နေမိသေး၏။ နောက်တွင်မှ

''ဘာကြောင့်မေးတာလဲ အစ်မကြီး''

''မေးဆို ဒီလိုလေ။ အမေကြီးက လွှတ်လိုက်တယ်မောင်ရဲ့''

''ဟုတ်ရဲ့လားဗျာ။ ကျွန်တော့်ကို လိုမ့်တာများလား အစ်မကြီးရယ်''

''ငါ့မောင်က တယ်ရိုးတာကိုး။ ပတ္တမြားစေတီပွဲမှာ မင်းနဲ့အတူတူသွားကြတဲ့အဖွဲ့ထဲက ကျောင်းဆရာတစ်ယောက်က ငွေ ၃၀၀၀ ကျပ်နဲ့ စိန်နားကပ်တစ်ရန်တင်ပါမယ်တဲ့။ စကားစပ်နေတယ် မောင်ရေ့''

"ဘယ်တုံးက စပ်တာလဲဗျာ။ ပွဲကပြန်လာမှလား''

''မဟုတ်ဘူးမောင်ရေ့။ တစ်လလောက်ရှိသွားပြီ''

''နို့ ... ဘယ်လိုတဲ့လဲဗျာ''

''အမေကြီးကတော့ ခပ်ပါပါပဲ။ သမီးကလည်း အမေ့စကားကို နားထောင်ရမှာပဲ''

''ဟိုက် ... ဒီလိုဆို ပြီးကြရောပေ့ါ အစ်မကြီးရယ်''

"ပြီးကြလို့ရှိရင် ဒီကို အစ်မကြီး ဘာလာစရာရှိသလဲ" ကျွန်ုပ်ကားထ၍ ခုန်လိုက်ချင်သည်။

"ကိုင်း ... ဒါဖြင့် ပြောပါဦး အစ်မကြီး"

"မ...ကို မင်းကြိုက်နေတာ ဘယ်လောက်ကြာပြီလဲကွဲ့"

"ရှစ်တန်းကတည်းကပါပဲဗျာ"

"ဒီအကြောင်းကို အမေကြီးက မသိဘူးမောင်ရဲ့"

"နို့ဗျာ၊ သူကတော့ သိတယ်မဟုတ်လား အစ်မကြီးရယ်"

"သိတာပေ့ါကွယ်"

"နို့ ... ဒါဖြင့် အမေကြီးကပေးစားတိုင်း ယူမှာတဲ့လားဗျ"

"မယူလို့ ဘယ့်နှယ်လုပ်မလဲ။ မင်းက ဘာမှပြောဖူးတာလည်းမဟုတ်။ ပတ္တမြားစေတီပွဲက ပြန်တော့မှ အမေကြီးက မင့်အကဲခတ်ပြီး အစ်မကြီးကို လွှတ်လိုက်တာပဲ"

"နို့ ... သူကကောဗျာ"

"သူက မင်းလိုပဲ ရှက်တတ်တယ်။ ငါ့ကိုတောင် ဘာမှ မပြောဖူးဘူး"

"အစ်မကြီးက ဘယ်လိုထင်သလဲဗျာ"

"အစ်မကြီးက အပျိုကြီးပေမယ့် နားလည်ပါတယ်"

"ဖွင့်လို့တော့ မပြောဖူးဘူးပေ့ါ"

"တယ်ခက်တဲ့ လူပါကလား။ ယောကျ်ားလေးက ဘာမှမပြောဖူးဘဲနဲ့ မိန်းကလေးက ပြောရမှာလား မောင်ရယ်"

"အမေကြီးက ဘယ်လိုမှာလိုက်သလဲ အစ်မကြီးရဲ့"

"တကယ်ကြိုက်လို့ရှိလျှင် မိဘများလွှတ်ပြီး ပြောခိုင်းပါတဲ့"

"တစ်ခုတော့ ကျွန်တော်သိချင်တယ် အစ်မကြီးရယ်"

"ဘာများလဲတော်"

"ကျွန်တော်ကြိုက်တာက တကယ်ကြိုက်တာပါ။ သူလည်းပဲ သိလောက်ပါတယ်။ အခု ကျွန်တော် ဖွင့်ပြောနေပြီမဟုတ်လား။ ဒီတော့ သူ့ဆီက စကားတစ်လုံးရအောင်တောင်းပြီး ကျွန်တော့်ကို ပြန်ပြောပါ။ မိဘများကို ကျွန်တော်လွှတ်ပါမယ်"

"သူ့အမေကြီးက မောင့်ဆီကို လွှတ်လိုက်လို့ အစ်မ လာရပြီဟာပဲ မောင်ရယ်။ စိတ်ချလောက်ကရောပေ့ါ"

"ဒါပေမဲ့ သူ့ဆီကစကားတစ်လုံးကို ကျွန်တော်ကြားချင်ပါသေးတယ် အစ်မကြီးရယ်။ တစ်ဆိတ်လောက် မေးပေးပါဗျာ"

"ဒီလိုဆို မေးပေးရတာပေ့ါမောင်"

"တစ်ခုတော့ရှိတယ် အစ်မကြီးရေ့။ ကျွန်တော်ကတော့ ငွေ ၃၀၀၀ ကျပ်တွေ၊ စိန်နားကပ်တွေ ဘာတွေတော့ မတတ်နိုင်ပေဘူးဗျာ"

"ဒါတွေ သိပါတယ်။ ကိုးတန်းသမားတစ်ယောက်ဟာ ငွေတင်ဖို့မလိုပါဘူး။ အမေကြီးကလည်း နားလည်ပါတယ်"

**"စံဒေဝီကိုပိုးပန်းခဲ့သော အဖြစ်အပျက်တွင် ဤအချိန်သည် ကျွန်ုပ်အဖို့ရာ၌ မျှော်လင့်ချက်အများဆုံး၊ အောင်မြင်ဖို့အနီးကပ်ဆုံးသော အချိန်အပိုင်းအခြားဖြစ်၍ ထိုည၌ ကျွန်ုပ်သည် စံဒေဝီအကြောင်းကိုပြောတတ်ကြသည့် သူငယ်ချင်းကာလသားများ၏ဝိုင်းသို့မသွားတော့ဘဲ ကိုယ့်အိမ်၌ပင် စိတ်ကူးယဉ်လျက်ရှိ၏။ စိတ်ထဲ၌ရှိသော အခြင်းအရာကိုရေးရလျှင် ယခင်ကမူ စံဒေဝီအကြောင်းပြောပြခြင်းကို နားထောင်နိုင်သော်လည်း ဤည၌မူ ချီးမွမ်းခြင်းကိုလည်းကောင်း၊ ကဲ့ရဲ့ခြင်းကိုလည်းကောင်း မကြားချင်သောစိတ်ဖြစ်နေခဲ့လေပြီ. . ."**

"ဒါဖြင့် ဘယ်တော့လောက် စကားပြန်မှာလဲ အစ်မကြီး"

"နက်ဖြန်ခါတော့ အစ်မကြီးရယ်၊ သူတို့သားအမိနှစ်ယောက်ရယ် မိတ္ထီလာသွားကြမလို့။ ဟိုက အပြန်တော့လာခဲ့မယ်"

"မိတ္ထီလာကို ဘာလုပ်လဲဗျာ"

"သူ့မောင်တစ်ယောက်ရှိတယ်မဟုတ်လား။ ဒီအကြောင်းကို တိုင်ပင်မလို့တဲ့။ မောင်ကသာ မိဘများနဲ့ စီစဉ်ထားပေတော့"

"သူ့မောင်က သဘောမတူဘူးဆိုရင်ကောဗျာ"

"အမယ်လေး ... စိတ်သာချ။ သူ့မောင်က ခုနစ်တန်းအောင်တဲ့လူဆိုရင် ပေးစားလိုက်တဲ့။ ငါ့မောင်က နှစ်တန်းတောင် ပိုနေသေးတယ်"

အပျိုကြီးပြန်ခါနီး၌ ကျွန်ုပ်က သောက်ရေအိုးစင်အနီးတွင် "ပန်း" အကြောင်းပြောလိုက်မိ၍ မျက်မှောင်ကြီး ကုတ်သလို၊ မျက်ခုံးချီသလိုလုပ်သွားပုံအကြောင်းပြောလိုက်ရာ အပျိုကြီးက ...

"ဒီအကြောင်း ခဏခဏပြောပြီး အစ်မကြီးတို့ရယ်ကြရသေးတယ်။ ငါ့မောင်က တယ်ရိုးတာကိုး" ဟု ရယ်မောကာပြော၍ ပြန်သွားလေ၏။

ဤတွင်မှ စစ်ကိုင်းတောင်ရိုး၌ ချောင်လေ့ကားအတက်တွင် စံဒေဝီက ကျွန်ုပ်အား လှည့်ကြည့်လိုက်သောမျက်နှာထား၌ "မောင်ရင် အ ပုံနဲ့တော့ လွဲကုန်ကြပါလိမ့်မယ်" ဟူသောအဓိပ္ပာယ်ရှိခြင်းကို တွေးဆနိုင်ပါတော့သည်။ "ပတ္တမြားစေတီပွဲတော် လိုက်မိပေလို့ပေ့ါ။ နို့ဖြင့်လွဲတော့မှာပဲ။ ကံကောင်းလို့ပါတကား" ဟုလည်း ကျွန်ုပ်စဉ်းစားမိပါသည်။

## ဖြူစင်သောမေတ္တာ

စံဒေဝီကိုပိုးပန်းခဲ့သောအဖြစ်အပျက်တွင် ဤအချိန်သည် ကျွန်ုပ်အဖို့ရာ၌ မျှော်လင့်ချက်အများဆုံး၊ အောင်မြင်ဖို့အနီးကပ်ဆုံးသော အချိန်အပိုင်းအခြားဖြစ်၍ ထိုည၌ ကျွန်ုပ်သည် စံဒေဝီအကြောင်းကို ပြောတတ်ကြသည့် သူငယ်ချင်းကာလသားများ၏ဝိုင်းသို့မသွားတော့ဘဲ ကိုယ့်အိမ်၌ပင် စိတ်ကူးယဉ်လျက်ရှိ၏။ စိတ်ထဲ၌ရှိသောအခြင်းအရာကိုရေးရလျှင် ယခင်ကမူ စံဒေဝီအကြောင်းပြောပြခြင်းကို နားထောင်နိုင်သော်လည်း ဤည၌မူ ချီးမွမ်းခြင်းကိုလည်းကောင်း၊ ကဲ့ရဲ့ခြင်းကိုလည်းကောင်း မကြားချင်သောစိတ် ဖြစ်နေခဲ့လေပြီ။ "ကိုရင်တို့နဲ့ဘာဆိုင်လို့လဲ" ဟု မေးလိုက်ချင်သည်ဖြစ်ရာ ထိုကဲ့သို့ မေးရလောက်အောင်ကလည်း ကျွန်ုပ်အဖို့ရာတွင် ဘာမျှ မည်မည်ရရပိုင်ဆိုင်သေးသည် မဟုတ်သောကြောင့် ထိုဝိုင်းကို ရှောင်ခဲ့ခြင်းဖြစ်၏။ ကိုယ့်အဖြစ်ကို ပြန်၍စစ်ဆေးလိုက်သည့်အခါ အပျိုကြီး၏စကားသက်သက်မျှသာရှိသေး၍ ၎င်း၏စကားထဲ၌ပင် "ကြိုက်ပါသည်" ဟူ၍ ဖွင့်ပြောခြင်းမျိုးမရှိပါ။ သူ့အထင်သက်သက်မျှသာရှိသေး၏။ သို့ရာတွင် ကျွန်ုပ်အဖို့ရာ၌ စိတ်ကူးယဉ်နိုင်ဖို့ အချက်အလက်များပါရှိသည်ဖြစ်သောကြောင့် ပျက်နိုင်သော အခြင်းအရာများကိုဖယ်ရှားပြီး အောင်မြင်ဖို့အကြောင်းအရာများကို လက်ခံကာ "ပုံကြီးချဲ့" ယူပါတော့သည်။ စိတ်ကူးယဉ်သည်ဆိုသော်လည်း မေတ္တာစင်ကြယ်မှုကြောင့် ညစ်ညမ်းသောအခြင်းအရာများ မပါ။ ကိုယ်တစ်ဦးတည်းပိုင်ပစ္စည်းအနေဖြင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ဝဝကြီးကြည့်နေနိုင်ကြပေတော့မည်ဟူသည်ထက်မပိုခြင်းကို ကျွန်ုပ်သစ္စာပြုဝံ့ပါသည်။ စံဒေဝီ၏ ကိုယ်အင်္ဂါအလုံးစုံတွင် ကျွန်ုပ်သတိရဆုံး၊ စိတ်ကူးမိဆုံးအပိုင်းမှာ ၎င်း၏မျက်နှာပင်ဖြစ်ရာ တစ်ဖန်ထပ်၍စိတ်လိုက်သော် မျက်လုံးပင်ဖြစ်ပါသည်။ "ကာတစ်"တွေ၊ ခါးသေးရင်ချီခြင်းတွေကို လုံးဝသတိမရခြင်းမှန်ပါသည်။ ပြစ်ချက်တွေ ဗရပွရှိခဲ့သော ကျွန်ုပ်ကိုယ်ကိုကျွန်ုပ် ပြန်၍စစ်ဆေးလိုက်သည့်အခါများတွင် စံဒေဝီအပေါ်၌ထားရှိသည့် မေတ္တာ၏ဖြူစင်ခြင်းသည် အကျေနပ်ဆုံးဖြစ်ပါတော့သည်။

နောက်တစ်နေ့ နေ့လယ်တွင် စံဒေဝီသားအမိနှင့် အပျိုကြီးတို့သည် မိတ္ထီလာသို့ ရထားနှင့်သွားကြမည်ဖြစ်ရာ ၎င်းတို့၏အိမ်ရှေ့သို့ မြင်းရထားဆိုက်ခြင်းကိုကြားလိုက်ရသဖြင့် ထွက်ကြည့်ချင်သော်လည်း ရှက်သည်နှင့်ပင် မကြည့်ဘဲနေလိုက်ပါသည်။

ယခင်ကမူ ကျွန်ုပ်၏မေတ္တာကို မည်သူ့အားမျှ ဖွင့်၍မပြောဖူးသေးသောကြောင့် မရှက်သော်လည်း ယခုမှာမူ အပျိုကြီးအား ဖွင့်ပြောပြီးဖြစ်သောကြောင့် အပျိုကြီးကိုလည်းရှက်သည်၊ အမေကြီးကိုလည်းရှက်သည်၊ စံဒေဝီကိုပင် (စကားပြန် မရသေးသောကြောင့်) ရှက်သေးသည်။ ကျွန်ုပ်ကဲ့သို့ညံ့သော လူပျိုလေးတစ်ယောက်သည် ကမ္ဘာလောကတွင်ရှိပါလေ၏လောဟု တစ်ခါတစ်ရံတွင် ကိုယ့်ဟာကိုယ် မေးမိပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးပေး

ဟိုပုံး ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြို့ပေါ်ရပ်ကွက်များအတွင်းရှိမွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းကို ဖေဖော်ဝါရီလ ၆ ရက်တွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ကြောင်း သိရသည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းဆောင်ရွက်ရာတွင် ဟိုပုံးမြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များအတွင်းရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင် (PCV)၊ ဝက်သက်၊ ဂျိုက်သိုး၊ ငါးမျိုးစပ်ကာကွယ်ဆေး (ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ) - ဦးနှောက်အမြှေးရောင်)များကို ထိုးနှံတိုက်ကျွေးပေးပြီး ကလေးငယ်များအား အပူချိန်တိုင်းတာခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို လစဉ် လဆန်း ၆ ရက်နှင့် ၇ ရက်တို့တွင် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၅)



◆ **ရှေ့ဖုံးမှအဆက်**

ခနော့အင်းသား၊ တောင်ရိုး၊ ဝ၊ ထနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကယား၊ လီဆူး စသည့် တိုင်းရင်းသားများသည် ကာလရှည်ကြာ အတူယှဉ်တွဲစုပေါင်း နေထိုင်ခဲ့ကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့်အစဉ်အလာကောင်းပင်ဖြစ်ပါသည်။

သမိုင်းကြောင်းဖြစ်တည်မှုအရ မြန်မာနိုင်ငံ၏ ကျောက်ခေတ်နှောင်း ကာလနှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့်ကာလ ယဉ်ကျေးမှု အထောက်အထားများကို ရှမ်းပြည်နယ်တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ဘာသာစကားအမွေအနှစ်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအမွေအနှစ်နှင့် သုခုမအနုပညာအမွေအနှစ် တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိကြရ မည်ဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြခြင်း၏ ဂုဏ်ယူ မှတ်သားဖွယ်ရာ ပြယုဂ်တစ်ခုလည်းဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ (၃)ကြိမ်တိုင်တိုင် စစ်ပြုကျူးကျော်ခြင်းကို ခံရစဉ်ကလည်း ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရှပ်ရှပ်ချွံချွံပူးပေါင်းတွန်းလှန်ခဲ့ကြပါ သည်။ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲသိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစား ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ နယ်ချဲ့သိမ်းပိုက်ပြီးသည်မှစ၍ ယခင်က မခွဲမခြား၊ မကွဲမပြား နေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့် မြေပြန့် ဒေသကို နယ်ချဲ့တို့က နည်းပရိယာယ်မျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါ သည်။ နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား မတတ်သာ၍ လွတ်လပ်ရေး ပေးခဲ့ရလျှင်ပင် တောင်တန်းဒေသများကိုချန်လှပ်ပြီး ဆက်လက်သွေးခွဲ အုပ်ချုပ်ရန် ကြိုးပမ်းခဲ့ကြပါသည်။ ယင်းကြိုးပမ်းမှုကို ချေဖျက်နိုင်ရန် အတွက် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင်စော်ဘွားများနှင့် ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်နေ့မှ ဖေဖော်ဝါရီလ (၆)ရက်နေ့အထိ ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီလ(၇)ရက် နေ့တွင် လူထုကိုယ်စားလှယ်(၇)ဦး၊ စော်ဘွားများကိုယ်စားလှယ်(၇)ဦး၊ စုစုပေါင်း (၁၄) ဦးပါဝင်သော ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခင်က နယ်ချဲ့တို့အလိုကျလိုက်ပါ ဆောင်ရွက်ပေးခဲ့ရသော ရှမ်းပြည်ပဒေသရာဇ်ကောင်စီကိုဖျက်သိမ်း ပေးရန် ဘုရင်ခံထံ ကြေးနန်းပေးပို့အရေးဆိုခဲ့ကြပါသည်။ ရှမ်းပြည် ကောင်စီအမှုဆောင်အဖွဲ့အနေဖြင့် ပြည်မနှင့်အတူ လွတ်လပ်ရေး ရယူရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဤသို့ မိမိတို့ ပြည်နယ်၊ နိုင်ငံအနာဂတ်အရေးအတွက် သဘောတူ ညီညွတ်မှုရရှိပြီး အရေးဆိုခဲ့ကြသည့် ဖေဖော်ဝါရီလ(၇) ရက်နေ့ကို ရှမ်းအမျိုးသားနေ့ဟူ၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့၊ ပင်လုံ ညီလာခံအစည်းအဝေးတွင် သတ်မှတ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်စော်ဘွားများနှင့် လူထုခေါင်းဆောင်များ၏ ညီညွတ်မှုကို အရင်းခံသော ဆုံးဖြတ်ချက်သည် သမိုင်းဝင်ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီလ (၇)ရက်နေ့ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြု ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် (၇၈)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးခရီးကို အထောက်အပံ့ကောင်းဖြင့် ဖြောင့်တန်းစေခဲ့သော ကြောင့် တိုင်းရင်းသားများအတွက် ထူးခြားလေးနက်သောနေ့ ထူးနေ့မြတ် လည်းဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့တို့၏သွေးခွဲ အုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်ကြီးနှင့် တစ်ဆက် တစ်စပ်တည်းပင်ဖြစ်ပါသည်။ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုအတွက် အရေးကြီးသော ဆောင်ရွက်မှုကြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကိုဖော်ပြနိုင်ခဲ့သည့် **“ပြည်ထောင်စုနေ့”** သမိုင်းဖြစ်ရပ်ကြီး ၏ ခိုင်မာမြဲမြံသော ပန္နက်လည်းဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်း တည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှ အရေးကြီးပါသည်။ ထို့အပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေး အတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေး ညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားကြ ရမည်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့် နယ်မြေဒေသ များရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏အကျိုးစီးပွားကို ထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန် မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့၏လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြ သော ပြည်သူအားလုံး၏ဆန္ဒကို ထည့်သွင်းစဉ်းစားကြရန် အသိပေး လိုပါသည်။

❍ **ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ဘာသာစကားအမွေအနှစ်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအမွေအနှစ်နှင့် သုခုမအနုပညာအမွေအနှစ်တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ် . . .**

❍ **ရှမ်းပြည်နယ်နေ့ ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်ကြီးနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်၊ နိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုအတွက် အရေးကြီးသောဆောင်ရွက်မှုကြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကိုဖော်ပြနိုင်ခဲ့သည့် “ပြည်ထောင်စုနေ့”သမိုင်းဖြစ်ရပ်ကြီး၏ ခိုင်မာမြဲမြံသော ပန္နက်လည်းဖြစ် . . .**

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက် ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်တွင် ပါရှိသည့် **“နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ် တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်”** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက် သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏အကျိုးစီးပွားကို စိတ်ရင်းစေတနာမွန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရှေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက် အအုံများ ပျက်စီးခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခ ရောက်ကြရသကဲ့သို့ နိုင်ငံတိုးတက်ရေးအတွက်အရေးပါသော လူ့စွမ်းအား အရင်းအမြစ်များ အဓိပ္ပာယ်မဲ့ပြုန်းတီးနေရသည်မှာလည်း နိုင်ငံအင်အား လျော့နည်းလာခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေး အတွက် ဆောင်ရွက်ရာတွင် လေးလေးနက်နက် နားလည်သဘော ပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြပါရန် ထပ်မံတိုက်တွန်းလိုပါသည်။

မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူ အကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး နှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင် လိုသည့် ရည်ရွယ်ချက်သာရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူ အားလုံးလိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများ ဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်းနည်းများ ကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏ စီးပွား ရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ် ပါသည်။

တိုင်းပြည်တစ်ပြည် ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ရပ်တည်ရှင်သန်ရေးကို ကိုယ်စွမ်းကိုယ်စနှင့် မထိန်းသိမ်းနိုင်လျှင် နိုင်ငံ၏ အချုပ်အခြာအာဏာ အားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကို လည်း သတိပြုကြရမည်ဖြစ်ပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဘေးအန္တရာယ် ကျရောက်နိုင်သည့် ယခုအချိန်ကာလတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့် ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော်အစွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရည်မှန်း ချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲ ကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်များဖြင့် မျိုးချစ်စိတ်များကိုအခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲကြီး အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသား တိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းသာယာအေးချမ်းပျော်ရွှင် စွာဖြင့် အသက်မွေးလိုသောဆန္ဒရှိကြပါသည်။ ယင်းဆန္ဒပြည့်ဝရန် အတွက် အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးတို့ ပြည့်စုံရမည်ဖြစ် ပါသည်။ မြန်မာနိုင်ငံသားအားလုံး အကျုံးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင် ရွက်လျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ စိုက်ပျိုးရေး မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွား ရေးလုပ်ငန်းများ ယခုထက်ပိုမိုထွန်းကားလာရန်လိုအပ်သဖြင့် MSME လုပ်ငန်းများ အောင်မြင်ရေးကိုအလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတွင် အခြေခံကောင်း၊ အစဉ်အလာကောင်းများရှိခဲ့သည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများ အနေဖြင့် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာ ထူးချွန်ရန် လိုအပ်သကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာ တွေးခေါ်ဆင်ခြင် ဆုံးဖြတ်နိုင်စွမ်းမြင့်မားရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်ပြီး ပြည်ထောင်စုအတွက် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကို အကောင် အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသ၊ နယ်စပ်ဒေသများပါမကျန် ပညာသင်ယူခွင့်အခွင့်အလမ်းများရရှိ အောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းလိုပါ သည်။

**စာမျက်နှာ ၆ သို့ ◆**



# ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ

**မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာခြင်းဖြင့်သာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ပါသည်။**

**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၇)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)**

**၁၀-၁-၂၀၂၅**

◆ **စာမျက်နှာ ၅ မှအဆက်**

ဗလငါးတန်ပြည့်စုံသောလူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးသည်လည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာစေရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **“ရှမ်းပြည်နယ်နေ့”** အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ၁၉၄၇ ခုနှစ်က သန္နိဋ္ဌာန်ချ ဖြစ်ပွားခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံ၍ ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလျက်သဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး၏ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer ကို ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၆

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS) ၏ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNOPS က မြန်မာနိုင်ငံ၌ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် UNOPS တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာဆွေးနွေးကြသည်။

အစည်းအဝေးသို့ UNOPS ၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Sanjay Mathur၊ UNOPS ၏ မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်ဖြစ်သူ Ms. Sara Austin Netzer နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

## ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒိန်းမတ်အခြေစိုက် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ ပို့ဆောင်ရေးနှင့် မိတ်ဖက်များဆိုင်ရာ ဒုတိယအမှုဆောင် ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer နှင့် ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၆

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒိန်းမတ်အခြေစိုက် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (UNOPS) ၏ ပို့ဆောင်ရေးနှင့်မိတ်ဖက်များဆိုင်ရာ ဒုတိယအမှုဆောင်ညွှန်ကြားရေးမှူး Ms. Kirstine Damkjaer နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် UNOPS က မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် အစီအစဉ်များ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများနှင့် UNOPS မှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။


(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၃၂˚c |
| ရန်ကုန် | ၁၉˚c | / | ၃၂˚c |
| မန္တလေး | ၁၈˚c | / | ၃၄˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်း အဝေးနှင့်နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားတက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တွေ့ဆုံမှာကြား



နေပြည်တော် ဖေဖော်ဝါရီ ၆

မိမိတို့၏ဌာနလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားရေးကို ကြိုးစားဖြည့်ဆည်းကြရန်နှင့် နိုင်ငံတော်၏မီဒီယာကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တွေးခေါ်ကြံဆမှုများ ရင့်သန်စေလိုကြောင်း ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄) နှစ်မြောက် နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးများအား ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း မှာကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို စဉ်ဆက်မပြတ် သိရှိအောင်လေ့လာနေကြရန်နှင့် တိုးတက်လာသည့်နည်းပညာများကိုအသုံးပြု၍ သတင်းတု၊ သတင်းမှားများကို ချေဖျက်ပြီး ပြည်သူများထံ သတင်းမှန်ရောက်ရှိစေရေးအတွက် အစဉ်မပြတ်ကြိုးစားဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးတို့ကို မိမိတို့သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း၊ လူငယ်များ၏ အသိပညာ၊ ဗဟုသုတတိုးပွားစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးတို့အတွက် အသိပညာပေးဟောပြောပွဲများ၊ စကားဝိုင်းများ၊ စာဖတ်ဝိုင်းများ၊ ဆွေးနွေးပွဲများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေးသည် နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ဖြစ်သဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာထားရန်နှင့် ကဏ္ဍပေါင်းစုံမှ ကြိုတင်ပြင်ဆင်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ဦးစီးမှူးများက ၂၀၂၄ ခုနှစ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု၊ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှု၊ စာကြည့်တိုက်ဝန်ဆောင်မှုနှင့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှု၊ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များဆောင်ရွက်နိုင်မှု၊ သတင်းမှန်များပေးပို့ဖော်ပြနိုင်မှု၊ မူပိုင်ခွင့်မှတ်ပုံတင်နှင့် ရုပ်ရှင်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်မှု၊ တစ်နှစ်တာကာလအတွင်း တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်၊ သုံးသပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာကြည့်တိုက်များ၏ လိုအပ်ချက်များကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် အသိပညာ၊ ဗဟုသုတများ၊ လုပ်ငန်းရေးရာများ၊ ခေါင်းဆောင်မှုပညာရပ်များ စသည်တို့ကို အစဉ်မပြတ် လေ့လာဆည်းပူးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသအသီးသီးရှိ ဝန်ထမ်းများအတွက် ဝတ်စုံများပေးအပ်ချီးမြှင့်ပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(၅၀၀)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၆

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အထွေထွေရောဂါကုဆေးရုံကြီး (ခုတင် - ၁၀၀၀) ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး တက်ရောက်ကြည့်ရှုအားပေးသည်။

စုပေါင်းသွေးလှူဒါန်းပွဲတွင်ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း ၃၃ ဦးတို့က သွေးလှူဒါန်းကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး ကြက်ဥ၊ အားဖြည့်အချိုရည်၊ မုန့်နှင့်ရေသန့်၊ ထောက်ပံ့ငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ဆေးရုံတက်ရောက်ကုသလျက်ရှိသော လူနာများအတွက် သွေးလာရောက်လှူဒါန်းကြသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်း ၃၃ ဦးအား ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။



(သတင်းစဉ်)

# အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ဒုတိယဝန်ကြီး ဦးဝင်းရှိန် ပေးအပ်ပြီး စက်ရုံများကွင်းဆင်းအားပေး




ရန်ကုန် ဖေဖော်ဝါရီ ၆

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း) ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့်အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီဝင်များ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ၊ UMFCCI၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)တို့မှ တာဝန်ရှိသူများ၊ NSSA အသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယနေ့အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ အလုပ်အကိုင်ရှစ်မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၆၂ ဦး၊ အလုပ်အကိုင် ၁၆ မျိုးအတွက် စစ်ဆေးအကဲဖြတ်ရေးဌာန ၂၁ ခုနှင့် အလုပ်အကိုင်သုံးမျိုးအတွက်စစ်ဆေးအကဲဖြတ်သူ ကိုးဦးတို့ကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များပေးအပ်မည်ဖြစ်ကြောင်း ပြောကြားပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့်အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များနှင့်ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန အသိအမှတ်ပြုလက်မှတ်များကို ကာယကံရှင်များထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် MAO FENG Garnments Co.,Ltd.၊ HUAFA (Myanmar) Garnment Co.,Ltd. နှင့် Myanmar Dongtai Co.,Ltd. စက်ရုံတို့သို့သွားရောက်၍ လုပ်ငန်းခွင်များတွင် ကြုံတွေ့နေရသည့် အခက်အခဲများရှိပါက အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန် လေးစားယုံကြည်မှုဖြင့် ညှိနှိုင်းဖြေရှင်းရေး၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာ၍ ကုန်ထုတ်စွမ်းအားတိုးတက်စေရေး အလေးထားဆောင်ရွက်ရန်မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများအား ရင်းရင်းနှီးနှီးအားပေးခဲ့ကြောင်းသိရသည်။

(၅၀၀)

# အစာကို အချိန်မှန်စားခြင်းဖြင့် အစာအိမ်ရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်

အစာကို အချိန်မှန်စားသူအတွက် အစာကြေဆေး မလိုဟူသောစကားရှိသည်။ လူတစ်ဦးသည် ပုံမှန်အားဖြင့် တစ်နေ့သုံးကြိမ် အစာစားရန်လိုအပ်သည်။ နံနက်စာကို နံနက် ၆ နာရီမှ ၈ နာရီအတွင်း၊ နေ့လယ်စာကို နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း၊ ညစာကို ညနေ ၆ နာရီမှ ည ၈ နာရီအတွင်း စားနိုင်လျှင် အသင့်တော်ဆုံးဖြစ်သည်။ ထိုအချိန်ထက် နောက်ကျလျှင် အစာအိမ်ရောဂါဖြစ်နိုင်သည်။

အစာအိမ်ရောဂါမှန်သမျှသည် အစာမကြေခြင်းမှ စသည်။ အစာမကြေခြင်းသည်လည်း အစာစားချိန်မမှန်ခြင်းမှ စသည်။ အစာခြေရည်ထွက်သောအချိန် တစ်နည်းအားဖြင့် ဝမ်းမီးတောက်သောအချိန်တွင် အစာမစားဘဲ အချိန်နောက်ကျမှစားသောအခါ ဝမ်းမီးအားနည်းသွားသည့်အတွက် အစာမကြေဖြစ်ရသည်။ ရောဂါမှန်သမျှသည် အစာမကြေခြင်းမှ စသည်ဟုဆိုသဖြင့် နောက်ဆက်တွဲရောဂါအမျိုးမျိုး ဝင်လာနိုင်သည်။

အစာမကြေခြင်းကြောင့် ဖြစ်လေ့ရှိသော နောက်ဆက်တွဲရောဂါများမှာ အစာအိမ်ရောင်ခြင်း၊ အစာအိမ်အနာဖြစ်ခြင်း၊ အစာအိမ်မှအထွက် အူသိမ်ဦးပိုင်းတွင် အနာဖြစ်ခြင်း၊ ထို့ထက်ဆိုးလျှင် အစာအိမ်နှင့်အူများတွင် သွေးယိုခြင်း၊ သွေးကြောစိမ့်ပေါက်ခြင်းတို့ဖြစ်နိုင်သည်။

**"အစာကို အချိန်မှန်မစားနိုင်သူများအတွက် အချိန်လွန်သွားမှ စားရလျှင် များစွာမစားဘဲ လျှော့စားခြင်းဖြင့် အစာအိမ်ရောင်ခြင်းကို ကာကွယ်နိုင်သည်။ အချိန်လွန်မှစားရလျှင် ထမင်းမစားဘဲ အရည်သောက်ပါသော ခေါက်ဆွဲပြုတ်၊ ဆန်ပြုတ်၊ အသီးဖျော်ရည်၊ အသားကိုနူးအောင်ပြုတ်ထားသော စွပ်ပြုတ်၊ ဖက်ထုပ်ပြုတ်၊ ကြက်ပေါင်းရည်၊ ငါးပေါင်း စသည့်နူးညံ့သော၊ အစာကြေလွယ်သော အစာမျိုးကိုသာ စားသောက်သင့်. . ."**

ကျောင်းသား၊ ကျောင်းသူများနှင့်ရုံးဝန်ထမ်းများသည် အချိန်မှန်ထမင်းစားချိန်ပေးထားသဖြင့် အစာအိမ်ရောဂါအဖြစ်နည်းသည်။ ဈေးသည်များနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများမှာ အရောင်းအဝယ်ပါးချိန်၊ အလုပ်အားလျှင်အားသလို ထမင်းစားကြရသဖြင့် အချိန်မှန်မစားနိုင်ကြပေ။ တချို့ဈေးရောင်းသူများမှာ နေ့လယ်စာကို မွန်းလွဲ ၂ နာရီ၊ ၃ နာရီခန့်မှ စားကြရသူများရှိကြသည်။ ထိုအခါ စားချိန်လွန်နေသဖြင့် အစာအိမ်မှ အစာချက်အားနည်းပြီး အစာအိမ်ရောဂါဖြစ်လာခြင်းဖြစ်သည်။ ဗိုက်ဆာချိန်က မစားရဘဲ မဆာသောအချိန်မှ စားရခြင်းကြောင့်လည်း အစာအိမ်ရောဂါဖြစ်နိုင်သည်။

ဗိုက်မဆာက မစားရဟူသော ရှေးလူကြီးများ၏ဆိုစကားရှိသည်။ လှုပ်ရှားမှုမရှိဘဲ ငြိမ်သက်သောအလုပ်ကို ထိုင်လုပ်နေပြီး မဆာဘဲ ပါးစပ်မှ တရစပ်စားနေလျှင်လည်း အစာအိမ်ရောင်ရောဂါဖြစ်နိုင်သည်။ ယခုခေတ်တွင် ဂိမ်းဆိုင်ထိုင်ပြီး တစ်နေကုန်ကစားနေသူလူငယ်များ၊ အင်တာနက်နှင့် အချိန်ကုန်နေသူများတွင် အစာအိမ်ရောဂါအမျိုးမျိုးနှင့် ဆီးချုပ်၊ ဝမ်းချုပ်ရောဂါများဖြစ်ပွားနေသည်ကို တွေ့ရှိရသည်။ တချို့လူငယ်များသည် အင်တာနက်ဆိုင်တွင်ထိုင်ရင်း အစားအသောက်မှာစားကာ ထိုင်ရာမထ စားသောက်တတ်ကြသည်။ တက်ကြွလှုပ်ရှားရမည့်အရွယ်တွင် အထိုင်များခြင်းသည် ဆိုးကျိုးများဖြစ်စေနိုင်သည်။

အစာစားချိန်မမှန်သူများ၊ အစာမကြေသူများ၏ နောက်ဆက်တွဲရောဂါမှာ ဝမ်းချုပ်ခြင်းပင်ဖြစ်သည်။ ဝမ်းချုပ်သူများ၏ နောက်ဆက်တွဲရောဂါမှာ ဝမ်းညှစ်ရဖန်များသဖြင့် စအိုဝသွေးကြောများ ရောင်လာပြီး လိပ်ခေါင်းရောဂါဖြစ်ရခြင်းဖြစ်သည်။ လိပ်ခေါင်းရောဂါမှာ စောစောသိလျှင် ဝမ်းမှန်အောင်ပြုလုပ်ရုံဖြင့်ပျောက်ကင်းနိုင်သော်လည်း ကုသမှုနောက်ကျပါက ခွဲစိတ်ကုသရသောအဆင့်သို့ ရောက်သွားနိုင်သည်။

အစာကို အချိန်မှန်မစားနိုင်သူများအတွက် အချိန်လွန်သွားမှစားရလျှင် များစွာမစားဘဲ လျှော့စားခြင်းဖြင့် အစာအိမ်ရောင်ခြင်းကို ကာကွယ်နိုင်သည်။ အချိန်လွန်မှစားရလျှင် ထမင်းမစားဘဲ အရည်သောက်ပါသော ခေါက်ဆွဲပြုတ်၊ ဆန်ပြုတ်၊ အသီးဖျော်ရည်၊ အသားကိုနူးအောင်ပြုတ်ထားသော စွပ်ပြုတ်၊ ဖက်ထုပ်ပြုတ်၊ ကြက်ပေါင်းရည်၊ ငါးပေါင်း စသည့် နူးညံ့သော၊ အစာကြေလွယ်သောအစာမျိုးကိုသာ စားသောက်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

ကြည်လွင်မြင့်(မုဒြာ)

---

# လက်ပြင်ငုပ်လျှင် အရမ်းမနှိပ်ပါနှင့်

လက်ပြင်ငုပ်ခြင်းသည် နံနံစောစောရေချိုးသူများနှင့် အအေးပတ်သူများတွင် ဖြစ်လေ့ရှိသည်။ ပခုံးကြွက်သားအအေးပတ်ပြီး ကျုံ့သွားရာမှ လည်ပင်းနှင့် ဇက်ရင်းမှထွက်လာသော အာရုံကြောကို ဖိမိရာမှစပြီး လက်ပြင်ချိုင်းအောက်မှ လက်မောင်းတစ်လျှောက်ပါ နာကျင်မှုခံစားရခြင်းကို လက်ပြင်ငုပ်သည်ဟု ခေါ်ကြသည်။

ဈေးရောင်းသူတစ်ဦးသည် နံနက်စောစော ရေချိုးပြီး ဈေးရောင်းထွက်လာရာ ဆိုင်ရောက်မှ လက်ပြင်နှင့် လက်မောင်းတစ်လျှောက်အောင့်လာသည်။ အလုပ်လုပ်ရင်း ပိုဆိုးလာကာ ဇက်ပါလှည့်မကောင်းတော့ဘဲ ခေါင်းစောင်းလျှင် လက်ပြင်ထဲအထိ နာ၊ အောင့်လာသဖြင့် ဈေးတွင်လာနေကျအနှိပ်သည်ကို ခေါ်ပြီး လက်ပြင်ဖော်ခိုင်းသည်ဟုဆိုသည်။ အနှိပ်သည်က ညှပ်ရိုးအတွင်းရှိ အကြောကိုနှိပ်ပြီး လက်ပြင်အောက်သို့နှိုက်ကာ အကြောကို ဆွဲထုတ်သည်။

အနှိပ်ခံစဉ်က ပူထူပြီး သက်သာသွားသလိုရှိသော်လည်း ညနေရောက်သောအခါ လက်တစ်လျှောက်လုံး မနေနိုင်အောင် ကိုက်လာသည်။ အကြောနှိုက်ထားသော လက်ပြင်မှာလည်း ရောင်ပြီး ဖောင်းလာသည်ဟုဆိုသည်။ နောက်ဆုံးတွင် အာရုံကြောနှင့်ပတ်သက်သောအထူးကုဆေးခန်းသို့ သွားပြရသည်။

လက်ပြင်ငုပ်သဖြင့် အနှိပ်ခံလျှင် အာရုံကြောနှင့် ကြွက်သားကြော၊ ကြွက်စွန်းကြောများ ရောင်သည့်ရောဂါရတတ်သည်။ အခန့်မသင့်လျှင် ရက်သတ္တပတ်ခန့်အနားယူမှ ပြန်ကောင်းနိုင်သည်။ အနှိပ်ပြင်း၍ လက်ပြင်အမြေးကွာသွားလျှင် တစ်လနှင့်ပင် ပြန်မကောင်းနိုင်ပေ။ တချို့အနှိပ်သည်များမှာ လူကို အော်ရလောက်အောင်နှိပ်မှ အကြောထိသည်ဟု ယူဆပြီး နာသည့်နေရာ ဖိနှိပ်လေ့ရှိကြသည်ကို တွေ့ဖူးပါသည်။

**"လက်ပြင်ငုပ်သဖြင့် အနှိပ်ခံလျှင် အာရုံကြောနှင့် ကြွက်သားကြော၊ ကြွက်စွန်းကြောများရောင်သည့် ရောဂါရတတ်သည်။ အခန့်မသင့်လျှင် ရက်သတ္တပတ်ခန့်အနားယူမှ ပြန်ကောင်းနိုင်သည်။ အနှိပ်ပြင်း၍ လက်ပြင်အမြေးကွာသွားလျှင် တစ်လနှင့်ပင် ပြန်မကောင်းနိုင်ပေ။ တချို့အနှိပ်သည်များမှာ လူကို အော်ရလောက်အောင်နှိပ်မှ အကြောထိသည်ဟုယူဆပြီး နာသည့်နေရာ ဖိနှိပ်လေ့ရှိကြသည်ကို တွေ့ဖူးပါသည်. . ."**

ရှေးက အနှိပ်ပညာရှင်များကို နန်းတွင်းမှာပင် တန်ဖိုးထားကြသည်။ အနှိပ်ဖြင့် သက်သာပျောက်ကင်းသော ဝေဒနာများစွာရှိသဖြင့် ဆေး ၁၀ ခွက် လက်တစ်ချက်ဟုပင် တင်စားပြောဆိုချီးမွမ်းခံရသော ပညာဖြစ်သည်။ အနှိပ်ပညာရှင်သည် လူ၏ခန္ဓာဗေဒကို ကောင်းစွာသိသူဖြစ်သည်။

လက်ပြင်ငုပ်သူများအတွက် အကြံပြုလိုသည်မှာ အရမ်းမနှိပ်ဘဲ လက်ပြင်ကို ဦးစွာ ပရုတ်ဆီ သို့မဟုတ် မုန်ညင်းဆီဖြင့် ပူပြီး အကြောပျော့အောင် ပွတ်လိမ်းသင့်သည်။ ညင်သာစွာ အကြိမ်ကြိမ်ပွတ်လိမ်း၍ အပူဓာတ်ရလာသောအခါ အသားကပ်ပလတ်စတာဖြင့် လက်ပြင်တွင်တစ်ချပ်၊ အာရုံကြောမူလထွက်ရာဖြစ်သော ဇက်ရင်းရှိအဖုနေရာတွင်တစ်ချပ် ကပ်ထားပါ။ နောက်နှစ်နာရီခန့်ကြာသောအခါ ကပ်ထားသောပလတ်စတာများပေါ်မှ ရေနွေးအိတ်ကပ်ပေးပြီး ပူလာသောအခါ ခွာလိုက်လျှင် လက်ပြင်ငုပ်ပြီး ကိုက်နေခြင်း၊ အောင့်နေခြင်းမှ သက်သာသွားပါလိမ့်မည်။ ကိုက်ခဲမှုအနည်းငယ်ကျန်နေသေးလျှင် ရေနွေးအိတ်ကို နောက်တစ်ကြိမ် ကပ်ပေးနိုင်သည်။

လက်ပြင်ငုပ်ပြီး အကြောရောင်သည့်နေရာတွင် ပလတ်စတာမရှိလျှင်ဖြစ်စေ၊ ပလတ်စတာနှင့်မတည့်လျှင်ဖြစ်စေ မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ကွမ်းရွက်ကပ်ပေးနိုင်သည်။ လက်ပြင်နှင့် ဇက်ရင်းအဖု(လည်ကုပ်ရိုးဖု)ပေါ်တွင် ပူနွေးအောင် ပရုတ်ဆီ သို့မဟုတ် မုန်ညင်းဆီလိမ်းပါ။ ထို့နောက် ကွမ်းရွက်နှစ်ရွက်ကို ချောသည့်မျက်နှာပြင်ဘက်မှ မီးကင်ပြီး ပျော့လာသောအခါ ကပ်ပေးပါ။ ကွမ်းရွက်ကပ်လျှင် ကွာမကျမချင်း ကပ်ထားပေးပါ။ တချို့မှာ စုပ်ယူအားကောင်းသဖြင့် ခြောက်ပြီး ကြေမွသွားပါလိမ့်မည်။ လက်ပြင်ငုပ်လျှင် ကြမ်းတမ်းသောနည်းများဖြင့် နှိပ်ခြင်း၊ အကြောဖော်ခြင်းများ မပြုလုပ်သင့်ကြောင်း ရေးသားလိုက်ရပါသည်။

---



# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြော

ဟိုပုံး ဖေဖော်ဝါရီ ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ဒေသအဆင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဖေဖော်ဝါရီလ ၅ ရက်က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး (ဟိုပုံး) ဒုတိယဦးစီးမှူး ဒေါ်အေးထက်ထက်ထွန်းက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ဒုတိယဦးစီးမှူး ဒေါ်ချစ်ချစ်ပိုင်က စည်းလုံးညီညွတ်မှုမှသည် ထာဝရငြိမ်းချမ်းရေးဆီသို့ ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောကြသည်။

ထို့ပြင် စည်းလုံးခြင်းအင်အား တိုင်းပြည်အကျိုးစီးပွား၊ ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ၊ စည်းလုံးညီညွတ်စွာကြိုးပမ်းဖော်ဆောင်၊ ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ၊ တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအားပြည့်ခွန်အား၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသူများ၊ တိုင်းပြည်သာယာဝပြောဖို့ ငြိမ်းချမ်းရေးကိုတည်ဆောက်စို့၊ ပြည်ထောင်စုကိုကာကွယ်စို့ စသည့် ဆောင်းပါး၊ ဆောင်ပုဒ်၊ ကဗျာများပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

ချမ်းမြေ့

# မချမ်းဘောမြို့နယ်ရှိ ကောင်းမှုလုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်



**မချမ်းဘော ဖေဖော်ဝါရီ ၆**

“အထက်မှာ ကောင်းမှုလုံ၊ အလယ်မှာ ရွှေစည်းခုံ၊အောက်မှာ ရွှေတိဂုံ”ဟူ၍ ဆိုရိုးစကား ရှိသည်နှင့်အညီ ထင်ရှားကျော်ကြားသော ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘော မြို့နယ် ကောင်းမှုလုံကျေးရွာ၌ တည်ထား ကိုးကွယ်သော သမိုင်းဝင်ကောင်းမှုလုံစေတီတော် မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီလ ၇ ရက်မှ ၁၂ ရက်အထိ ခြောက်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

ကောင်းမှုလုံစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဥပ္ပါတသန္တိသုတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းက ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်ခြင်း၊ ကောင်းမှုလုံမုခ်ဦးဘုရားကိုးဆူ ရွှေကြာသင်္ကန်း ကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ပဋ္ဌာန်းရေစင်တော်များအား မလိခမြစ်အတွင်းသို့ သွန်းလောင်း ပူဇော်ခြင်း၊ ပဋ္ဌာန်းသိမ်းအောင်ပွဲနှင့် ဗုဒ္ဓပူဇနိယ ပွဲတော်ရေစက်ချအခမ်းအနားများ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **ဘုန်းလက်ရာသစ်**

# ပြည်တွင်းစားသုံးဆီထုတ်လုပ်မှုမြင့်တက်လာစေရေး နေကြာမျိုးများ တိုးချဲ့စိုက်ပျိုးလျက်ရှိ

**ကန့်ဘလူ ဖေဖော်ဝါရီ ၆**

ကန့်ဘလူခရိုင်အတွင်းရှိ ကျေးလက်နေ တောင်သူများသည် ဆီထွက်သီးနှံများအနက် နေကြာကို သီးထပ်သီးညှပ်အပြင် နေကြာ တစ်မျိုးတည်းသီးသန့်အနေဖြင့် မိုးရာသီနှင့် ဆောင်းရာသီတို့တွင် စီးပွားဖြစ်တိုးချဲ့စိုက်ပျိုး လျက်ရှိကြောင်းသိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကန့်ဘလူမျိုးသန့်ခြံ၌ တိုင်းဒေသကြီးအတွင်းရှိကျေးလက်နေတောင် သူလယ်သမားများအတွက် ဒေသရေမြေရာသီ ဥတုနှင့်ကိုက်ညီပြီးသီးနှံအထွက်နှုန်းကောင်းမွန် သော မျိုးသန့်မျိုးပွားမျိုးများကို ဖြန့်ဖြူးပေး နိုင်ရန်စိုက်ပျိုးထားသော သီးနှံများဖြစ်သည့် နေကြာ၊ မြေပဲ၊ ပဲစင်းငုံ မျိုးစေ့ထုတ်သီးနှံများ အောင်မြင်ဖြစ်ထွန်းကာ ယခုလကုန်ပိုင်းတွင် ရိတ်သိမ်းနိုင်တော့မည်ဖြစ်သည်။

အဆိုပါ မျိုးစေ့ထုတ်သီးနှံများကို မျိုးစေ့ချ ကိရိယာဖြင့်စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ဒေသနှင့် လိုက်လျောညီထွေရှိသည့် အရည်အသွေး ကောင်းသော သီးနှံမျိုးစေ့များထုတ်လုပ် ဖြန့်ဖြူးခြင်း၊ မျိုးစေ့အရည်အသွေးထိန်းသိမ်း ခြင်း၊ နည်းပညာသင်တန်းများ၊ ဆွေးနွေးပွဲများ၊ သရုပ်ပြပွဲများကျင်းပပြီး တောင်သူများကို နည်း ပညာပေးခြင်း၊ တောင်သူများအတွက် စီးပွား ရေးတွက်ခြေကိုက်မည့် သီးနှံပုံစံများရှာဖွေ ဖော်ထုတ်ကာ ပြောင်းလဲလာသည့်ရာသီဥတု နှင့်အညီ ဒေသရေမြေနှင့်ကိုက်ညီသော သီးနှံ များကို စိုက်ပျိုးရာတွင်အဆင်ပြေစေရန် ရည်ရွယ် ၍ နှစ်စဉ်စိုက်ပျိုးထုတ်လုပ် ဖြန့်ဖြူးပေးလျက် ရှိသည်။

ကန့်ဘလူမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေများ သည် မိုးကောင်းသောက် လယ်ယာမြေများ ဖြစ်၍ ကန့်ဘလူမျိုးသန့်ခြံအနေဖြင့် ယာသီးနှံ များကို အဓိကထားကာ မျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နေကြာမျိုးစေ့ကို စျေးနှုန်းသက်သာစွာ ဝယ်ယူစိုက်ပျိုးနိုင်ကြောင်း၊ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက် အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အထွက်နှုန်း များပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်း မှ ထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာ နှင့်မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲ ဆောင်ရွက်မည်ဆိုပါကပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိမည်ဖြစ်ကြောင်းသိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဘားအံ-လှိုင်းဘွဲ့လမ်း ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၆**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရ အဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် ဘားအံ-လှိုင်းဘွဲ့လမ်း ထပ်ပိုးကတ္တရာခင်း၍ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ရာနှုန်း ပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘားအံ-လှိုင်းဘွဲ့ကားလမ်း၏ ၂၃ကီလိုမီတာမှ ၃၀ ဒသမ ၈ ကီလိုမီတာအထိ ယခင်ကတ္တရာ လမ်းမူလအကျယ် ၅ ဒသမ ၅ မီတာကို ၇ ဒသမ ၃၁ မီတာအကျယ်သို့ထပ်ပိုး ကတ္တရာခင်း၍ လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်း တင်ဒါခေါ်ယူ၍မြို့နယ်လမ်းဦးစီးဌာန၊ Steel Stone ကုမ္ပဏီ၊ ဝေဇယံဆောက်လုပ်ရေးကုမ္ပဏီ၊ မြနန်း ထိုက်ကုမ္ပဏီ၊ သံလွင်ဒေါနမြိုင် ကုမ္ပဏီတို့က ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။



ဘားအံ-လှိုင်းဘွဲ့လမ်း ထပ်ပိုးကတ္တရာခင်း ခြင်းလုပ်ငန်းအတွက် စုစုပေါင်းကတ္တရာလမ်း အရှည် ၈ ဒသမ ၂ ကီလိုမီတာကို ပြည်နယ် အစိုးရအဖွဲ့မှ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၂၉၄၄ ဒသမ ၃၇၇ သန်းဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

**စောဒိ(ပြန်/ဆက်)**

# ပြည်ထောင်စုအမွေ ခိုင်မာစေ

* အင်အားဖွဲ့တည်၊ ထင်ရှားခဲ့သည်
တို့မြန်ပြည်တည့်
ညီတူစွမ်းပကား၊ စည်းလုံးအားဖြင့်
တို့ခွာထက်မြက်၊ ဘုန်းရှိန်တက်သည့်
လက်တွဲကြည်ဖြူ မင်းပြည်သူတို့
လွှင့်ထူအောင်လံ၊ ဝင့်ကြွားမာန်နှင့်
ပုဂံ တောင်ငူ ကုန်းဘောင်ဟူ
ခေတ်သုံးခေတ်မှာ စံနမူ။

* သွေးကွဲခဲ့သည်၊ တွေးလွဲခဲ့သည်
တို့မြန်ပြည်တည့်
ပြည်သူချင်းလေ၊ ထင်းစည်းပြေ၍
သွေဖည်စိတ်ကွက်၊ စည်းကမ်းပျက်ကြောင့်
သူ့လက်အောက်ကျ၊ ကျွန်ဖြစ်ရချိန်
ဒုက္ခခံစား ဘဝခါး
နွံနစ်ခဲ့သည် ပတ္တမြား။

* ရေးကြီးခဲ့ပြီ၊ သွေးစည်းခဲ့သည်
တို့မြန်ပြည်တည့်
ညီနောင်သားချင်း၊ တို့သွေးရင်းတို့
အခင်းကိစ္စ၊ ဟူသမျှကို
ကျနဆွေးနွေး၊ လွတ်လပ်ရေးတွက်
သွေးမကွဲထုံး၊ ချစ်ကြည်ပြုံးနှင့်
အရှုံးပြန်လှန် အောင်ပွဲခံ
သမိုင်းတစ်ခေတ် စစ်အမှန်။

* အို…သားချင်းများ၊ မြန်ပြည်သားတို့
တစ်ပါးလက်အောက်၊ ပြန်မရောက်ဖို့
ထောက်ထားသမိုင်း၊ စံတုနှိုင်း၍
မရိုင်း နှလုံး၊ ပိုစည်းလုံးစို့
ပြည်လုံးကြောင့်ကြ၊ ဘေးမှပအောင်
မတွမဆိုင်း၊ လက်ချင်းသိုင်းလျက်
လှိုင်းကြီးလေပြင်း၊ ရအောင်ခွင်းမည်
မင်းရောငါပါ၊ လူတိုင်းပါလျှင်
မြန်မာပြည်ကြီး၊ ရှေ့ခရီးသည်
ရန်မီးကင်းဝေး၊ ငြိမ်းချမ်းရေးနှင့်
အသွေးတောက်ပ လှရေးမှန်။
အရေးထောက်ဆ မျှတွေးကြံ။
တို့ပြည်ထောင်စု ခိုင်မာရန်။ ။

**ညွှန့်ဝင်း(နတ်တလင်း)**


တိုင်းပြည်သာယာ ဝပြောဖို့
ငြိမ်းချမ်းရေးကို တည်ဆောက်စို့

တို့ပြည်ထောင်စုတိုင်းရင်းသားများ
ညီညွတ်စွမ်းအား ပြည့်ခွန်အား




















■ **ကျောဖုံးမှအဆက်**

ရောင်းဈေးနှုန်းသည်လည်း ယခင်ထက် လျော့နည်းကျဆင်းလျက်ရှိကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီမှသိရသည်။

လက်ရှိတွင် သီလဝါရှိ ဆီချဆိပ်ကမ်းများတွင်စက်သုံးဆီတင်သင်္ဘောခြောက်စင်း၊ ပင်လယ်ဝတွင် သင်္ဘောသုံးစင်းရောက်ရှိပြီးဖြစ်ပြီး လမ်းခရီးတွင် သင်္ဘောတစ်စင်းနှင့် ပြည်ပနိုင်ငံတွင် စက်သုံးဆီတင်ဆောင်နေသော သင်္ဘော ၁၀ စင်းသည် အသင့်ဖြစ်နေပြီဖြစ်ကာ ဖေဖော်ဝါရီလအတွင်း သင်္ဘော ၂၉ စင်းဖြင့် စဉ်ဆက်မပြတ်တင်သွင်းရန် ကြိုတင်စီမံ ဆောင်ရွက်ထားကြောင်း အဆိုပါကော်မတီမှ သိရသည်။

ထို့ပြင် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ပြည်တွင်းစက်သုံးဆီဖူလုံမှု ရှိစေရန်အတွက် နေ့စဉ်သုံးစွဲမှုပမာဏအပြင် အရန်ဆီအနေဖြင့် တစ်လစာခန့် တင်သွင်းသိုလှောင်ထားရှိပြီး သီလဝါမှ နိုင်ငံတစ်ဝန်းသို့ လုံလောက်သောဆီတင်ယာဉ်များဖြင့် အချိန်နှင့် တစ်ပြေးညီ ဖြည့်တင်းဖြန့်ဖြူးရောင်းချပေးနေကာ ဒေသအသီးသီးရှိ ပြည်သူများသည် စက်သုံးဆီပြတ်လပ်မှုမရှိဘဲ လိုအပ်သည့်နေရာတွင် လိုအပ်သည့်ပမာဏကို လွယ်ကူအဆင်ပြေ ချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရန် စီမံထားရှိသည့်အတွက် စက်သုံးဆီဈေးနှုန်းများသည်လည်း ယခင်ကထက် တစ်လီတာလျှင် ၈၅ ကျပ်မှ ၁၁၅ ကျပ်အထိ ဆက်တိုက်ကျဆင်းလျက်ရှိကြောင်း သိရသည်။

အလားတူ စားအုန်းဆီဈေးနှုန်းသည် ယခင်တစ်ပိဿာ ရည်ညွှန်းဈေးနှုန်း ငွေကျပ် ၇၂၈၀ မှ ယခုအပတ်တွင် ၇၁၆၅ ကျပ်အထိ ဆက်တိုက်ကျဆင်းလျက်ရှိပြီး နိုင်ငံတကာဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချပေးသွားမည်ဖြစ်သည့်အပြင် ရန်ကုန်ဆီကန် အထိုင်ရည်ညွှန်းဈေးနှုန်းကိုလည်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ အပတ်စဉ်သတ်မှတ်ထုတ်ပြန်ပေးလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားအတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ် (AC)လမ်းသစ်ဖွင့်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ဖွင့်လှစ်



တောင်ကြီး ဖေဖော်ဝါရီ ၆

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားအတက်လမ်း ၂၂ ပေ အကျယ် ကတ္တရာကွန်ကရစ်(AC)လမ်းသစ် ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားအတက်လမ်းသစ်ဖွင့်ပွဲ မုခ်ဦး၌ ကျင်းပသည်။

ဦးစွာ ရွှေဘုန်းပွင့်ဘုရားအတက်လမ်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာ ဘရွှေနှင့် ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စိန်နှင်းဆီသတ္တုတူးဖော် ရေးကုမ္ပဏီလီမိတက်နှင့်လွိုင်ခမ်းအဆင့်မြင့် အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်၊ ရွှေဘုန်းပွင့် ဘုရားဂေါပကအဖွဲ့ ဦးခင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စိန်နှင်းဆီ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လွိုင်ခမ်း အဆင့်မြင့်အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်အား ဂုဏ်ပြုမှတ်တမ်းပေးအပ် သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများသည် ရွှေဘုန်းပွင့်ဘုရားဂေါပက အဖွဲ့နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (တောင်ကြီးရုံးခွဲ)၊ ပြည်နယ်စည်ပင်သာယာ ရေးဌာန ညွှန်ကြားရေးမှူး၊ အ.ထ.က(၄) ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအဖွဲ့၊ ရှမ်းတိုင်း ရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့၊ ကိန္နရီ၊ ကိန္နရာအကအဖွဲ့တို့အား ဂုဏ်ပြုမှတ်တမ်း နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြ သည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော် အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ် လှူဒါန်းပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး စေတီတော်အား တင်လှူပူဇော်မည့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တို့အား ဖူးမြော်ကြသည်။

ထို့နောက် စေတီတော်မွေ့ရာ၌ ကျင်းပ သည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ် တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်း တိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ် များထံမှ အန္တရာယ်ကင်းပရိတ်တရားတော် များ နာယူကြည်ညိုကြကာ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထု ပစ္စည်းများဆက်ကပ်လှူဒါန်း၍ ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင်ကျောင်းတိုက် ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ တေဇဝန္တထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာ တော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် (၇၈)နှစ်မြောက် ရှမ်း ပြည်နယ်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကလောမြို့နယ် ဟဲဟိုး-ဘော် ဆိုင်းလမ်းမှ တောင်မြေခြား-မြောက်မြေ ခြားလမ်း ကတ္တရာလမ်းသစ် (၁/၆.၈၂)မိုင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာ ဘရွှေ၊ ခွန်စံလွင်၊ သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင် တို့က ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင် မြေခြား- မြောက်မြေခြားလမ်း ကတ္တရာ လမ်းသစ် (၁/၆.၈၂)မိုင်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးက အဖွင့်အမှာစကားပြောကြား၍ ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လမ်းတံတားများ နှင့် ကတ္တရာလမ်းသစ် (၁/၆.၈၂)မိုင် ဆောင်ရွက်ခဲ့မှုများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးမင်း သန့်က ရှင်းလင်းတင်ပြကာ ဒေသခံကျေးရွာ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင် စကားပြောကြားခဲ့ကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

# တစ်ခုတည်းသော အာဆီယံ၊ တစ်ခုတည်းသောတုံ့ပြန်မှု(One ASEAN One Response–OAOR Roadshow) အလုပ်ရုံဆွေးနွေးပွဲကျင်းပ





နေပြည်တော် ဖေဖော်ဝါရီ ၆

တစ်ခုတည်းသော အာဆီယံ၊ တစ်ခု တည်းသောတုံ့ပြန်မှု (One ASEAN One Response– OAOR Roadshow) အလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည် တော်ရှိ Park Royal Hotel ၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနနှင့် AHA Centre တို့ ပူးပေါင်း၍ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားကို Video Message ဖြင့် ပြောကြားရာ One ASEAN One Response ကြေညာစာတမ်းကို အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲ မှုကော်မတီ (ASEAN Committee on Disaster Management– ACDM)နှင့် AHA Centre တို့က အကောင်အထည်ဖော်ဆောင်ရွက် နေကြောင်း၊ မြန်မာနိုင်ငံတွင် မကြာသေးမီ နှစ်များအတွင်းဖြစ်ပွားခဲ့သည့် ၂၀၂၃ ခုနှစ် မိုခါမုန်တိုင်းနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း ၏သက်ရောက်မှုကြောင့် ရေကြီးရေလျှံမှု ဖြစ်စဉ်များတွင် နိုင်ငံတော်မှ ထိရောက် သည့် တုံ့ပြန်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲမှု များဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် အာဆီယံ သည် AHA Centre မှတစ်ဆင့် ဘေးသင့်သူ များအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ သတင်းအချက်အလက်နှင့် နည်းပညာပိုင်းဆိုင်ရာကူညီပံ့ပိုးခြင်းများ အတွက် နိုင်ငံတော်နှင့် ဘေးသင့်သူများ ကိုယ်စား ကျေးဇူးတင်ကြောင်းနှင့် အဆိုပါ ပူးပေါင်းဆောင်ရွက်မှုသည် အာဆီယံ၏ One ASEAN One Response ကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းပင်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုဦးစီးဌာနက မြန်မာနိုင်ငံ၏ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု တုံ့ပြန် ဆောင်ရွက်ရေး လုပ်ငန်းစဉ်အားလည်း ကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် အရေးပေါ်တုံ့ပြန်ရေးဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများအားလည်းကောင်း၊ AHA Centre က အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံက ရေးဆွဲထားရှိသော စံသတ်မှတ် ထားသော လုပ်ထုံးလုပ်နည်းများ(SASOP) အားလည်းကောင်း၊ အာဆီယံဆက်ဆံရေး ရုံးနှင့် အင်ဒိုနီးရှားနိုင်ငံ UNOCHA က အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ် လေ့လာရေးအဖွဲ့ (ASEAN–ERAT)နှင့် ကုလ သမဂ္ဂ သဘာဝဘေးအန္တရာယ်ဆန်းစစ် လေ့လာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (UNDAC) အဖွဲ့တို့၏ လုပ်ငန်းဆောင် ရွက်မှုအားလည်းကောင်း အသီးသီးရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က နိဂုံးချုပ်အမှာစကားပြော ကြားကာ ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံသံရုံးများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လူသား ချင်းစာနာအကူအညီပေးရေးညှိနှိုင်းမှုဗဟို ဌာန (AHA Centre)၊ UNOCHA ၏ အာဆီယံ ဆက်ဆံရေးရုံးနှင့် အင်ဒိုနီးရှားနိုင်ငံရုံး အကြီး အကဲနှင့် အရပ်ဘက်လူမှုရေးအသင်းအဖွဲ့ များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ ကြကြောင်းသိရသည်။

(သတင်းစဉ်)

❐ ရှေ့ဖုံးမှအဆက်

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်းဆောင်ရွက်တာဝန်ရှိသူများက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်းရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီတော်များတည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ခဲ့မှုအခြေအနေကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် လေ့လာရေးအဖွဲ့က ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှုအခြေအနေနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြပြီး အလှူငွေများပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋီတိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်များပေါ်၌ ခေတ်မီကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဖူးမြော်လေ့လာကြည်ညိုကြသည်။







ဆက်လက်၍ နေပြည်တော် အမျိုးသားပြတိုက်အားလေ့လာကြရာ တာဝန်ရှိသူများက သီဟာသနပလ္လင်ပြခန်း၊ နိုင်ငံတော်သမ္မတများအသုံးပြုခဲ့သည့်မော်တော်ယာဉ်များပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ မြန်မာ့ပန်းချီပြခန်းနှင့် အာဆီယံပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့် စစ်သမိုင်းပြတိုက်သို့ ဆက်လက်သွားရောက်လေ့လာကြသည်။ အဆိုပါလေ့လာရေးအဖွဲ့တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၇ ဦး၊ ကချင်ပြည်နယ်မှ ၃၅ ဦး၊ ကယားပြည်နယ်မှ ၃၃ ဦး၊ ကရင်ပြည်နယ်မှ ၄၀၊ ချင်းပြည်နယ်မှ ၃၂ ဦး၊ မွန်ပြည်နယ်မှ ၃၈ ဦး၊ ရခိုင်ပြည်နယ်မှ ၃၉ ဦးနှင့် ရှမ်းပြည်နယ်မှ ၄၀ ပါဝင်ကြပြီး ဒုတိယနေ့လေ့လာရေးခရီးစဉ်အဖြစ် ဖေဖော်ဝါရီလ ၇ ရက် **(ယနေ့)**တွင် နေပြည်တော်ဗုဒ္ဓဂယာ၊ ရေပန်းဥယျာဉ်၊ Junction Centre၊ ကျောက်မျက်ရတနာပြတိုက်၊ နက္ခတ်တာရာပြခန်း၊ ဥပ္ပါတသန္တိစေတီတော်နှင့် လွှတ်တော်အဆောက်အအုံများသို့ ဆက်လက်သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ-ရုရှား နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲညှိနှိုင်းမှုကော်မတီ ဒုတိယအကြိမ်မြောက်အစည်းအဝေးကျင်းပ






နေပြည်တော် ဖေဖော်ဝါရီ ၆

မြန်မာ-ရုရှား နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုမှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲညှိနှိုင်းမှုကော်မတီ ဒုတိယအကြိမ်မြောက်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက Hybrid စနစ်ဖြင့်ကျင်းပရာ ကော်မတီပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကော်ပိုရေးရှင်းအေဂျင်စီ (ROSATOM) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Nikolay Spassky တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအပြင် ကော်မတီအဖွဲ့ဝင်ဝန်ကြီးဌာနများဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက In Person ဖြင့် တက်ရောက်ကြပြီး ROSATOM မှတာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် နှစ်နိုင်ငံအကြားရေးထိုးပြီး MoU အကောင်အထည်ဖော်ဆောင်ရွက်မှု၊ နျူကလီးယားစွမ်းအင်ဆိုင်ရာ ဥပဒေမူဘောင်နှင့် အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေး၊ နျူကလီးယားနည်းပညာရှင်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံရေရှည်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားသာယာဝပြောရေး အထောက်အကူပြု သိပ္ပံနှင့်နျူကလီးယားနည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နျူကလီးယားစွမ်းအင်ကိုငြိမ်းချမ်းစွာအသုံးပြုမှုနယ်ပယ်တွင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး ဆွေးနွေးချက်များကို မှတ်တမ်းတင်လက်မှတ်ရေးထိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထူးခြားသည့် ညအပူချိန်များ

၆-၂-၂၀၂၅

| | | | | | | | |
|---|---|---|---|---|---|---|---|
| နမ့်စန် | ၃ | ဒသမ | ၈ ဒီဂရီဆဲလ်စီးယက် | ပြင်ဦးလွင် | ၆ | ဒသမ | ၄ ဒီဂရီဆဲလ်စီးယက် |
| ရှမ်းပြည်နယ်(တောင်ပိုင်း) | | | | ဟဲဟိုး | ၆ | ဒသမ | ၄ ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၄ | ဒသမ | ၉ ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၆ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၅ | ဒသမ | ၄ ဒီဂရီဆဲလ်စီးယက် | မိုင်းယန်း | ၆ | ဒသမ | ၅ ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၆ | ဒသမ | ၃ ဒီဂရီဆဲလ်စီးယက် | မြစ်ကြီးနား | ၈ | ဒသမ | ၄ ဒီဂရီဆဲလ်စီးယက် |

## ၆-၂-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၄၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၃)

အောင်ကို

မြန်မာနိုင်ငံတွင် ရေနံတွေ့ရှိပုံကို ဒဏ္ဍာရီဆန်ဆန်ပြောစမှတ်ပြုကြသည်။ သက္ကရာဇ် ၉၀၆ ခုနှစ်တွင် ပုဂံပြည့်ရှင် တန်နက်မင်းကို စလေငခွေးလုပ်ကြံ၍ နန်းတက်သောအခါ တန်နက်မင်း၏ မိဖုရားနှင့် နောက်ပါဆွေမျိုးအခြံအရံတို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ ယင်းတို့အနက်မှ ၁၂ ဦးသည် ရေနံထွက်ရာအရပ်ကို စတင်တွေ့ခဲ့ကြသည်ဟုဆိုသည်။ ထို ၁၂ ဦးသည် ထိုစဉ်က ဆိပ်သာကွန်းထောက်ဟုခေါ်သောဒေသ (နောင်အခါ ရေနံများ ချောင်းပေါက်အောင်ထွက်ရှိ၍ ရေနံချောင်းဟုခေါ်တွင်လာသော ရေနံမြေဒေသ) ဆိုင်ရာသူကြီးထံ မြေတိုင်းစာခံယူ၍ ထိုအရပ်၌ပင်နေထိုင်ပြီးလျှင် ရေနံတို့ကို စတင်တူးဖော်လုပ်ကိုင်စားသောက်ကြသည်မှ တွင်းရိုးတွင်းစားများပေါ်ပေါက်လာသည်ဟုလည်း အဆိုရှိသည်။ မြန်မာနိုင်ငံ၌ ပုဂံခေတ်ဦးပိုင်းတွင် ရေနံကို ယခု ရေနံချောင်းဒေသတွင် တွေ့ရှိကြပြီး တူးဖော်အသုံးပြုတတ်ကြပြီဟု ယူဆရသည်။



ရေနံလက်ယက်တွင်းပေါင်းများစွာ တူးဖော်ခဲ့မှုနှင့်ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှုကို တွေ့ရစဉ်။

ရေနံကို မင်းသုံးစိုးသုံးအဖြစ် စတင်ခဲ့သောကာလသည် အနော်ရထာမင်းလက်ထက်ဖြစ်သည်။ ရေနံဆက်သွင်းခဲ့သော မူလရေနံတွင်းရိုးအိမ်ထောင်စုတို့ကို ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှင့်ခဲ့သည်။ တွင်းရိုးအိမ်ထောင်စုတို့သည် အခြားတစ်ပါးသောမျိုးရိုးတို့နှင့်မဆက်နွှယ်ဘဲ သီးသန့်နေထိုင်ကြ၍ အနော်ရထာမင်းလက်ထက်တွင် တွင်းရိုး ၂၄ ဦးရှိခဲ့သည်။

ရေနံကိုစတင်တွေ့ရှိချိန်က ရေနံမြေဒေသတွင် ရေနံများသည် မြေပြင်ပေါ်သို့ စိမ့်ထွက်လျက် အိုင်ကလေးများဖြစ်နေခဲ့ဟန်တူသည်။ အချို့နေရာများတွင်မြင့်ရာမှ နိမ့်ရာသို့ စမ်းချောင်းကလေးများကဲ့သို့ စီးဆင်းနေကြပေမည်။ အထုတ်အယူများလာသောအခါ ရေနံကို လက်ယက်တွင်းများဖြင့် တူးဖော်ယူကြရသည်။ ရေနံတွင်းများသည် တစ်စတစ်စ နက်သည်ထက်နက်လာသည်။ ၁၈ ရာစု အလယ်လောက်တွင် ရေနံတွင်းများသည် ပေ ၁၀၀ မှ ၃၀၀ အထိ နက်နေပြီဖြစ်သည်။

တွင်းရိုးများသည် ရေနံတွင်းသစ်ကို မိမိတို့သဘောကျ တူးနိုင်သည်ဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး ကွင်းပိုင်ရှင် အချင်းချင်း ပြဿနာမရှိစေရန် လက်ရှိတွင်းမှ ၄၅ ပေအကွာအဝေးအတွင်း တွင်းသစ်မတူးရဟု သတ်မှတ်ချက်ရှိသည်။ ထို့ပြင် တွင်းရိုးတစ်ဦးသည် တစ်နှစ်လျှင် ၁၂ တွင်းထက် ပို၍တူးခွင့်မရှိဟူသည့်စည်းကမ်းများရှိခဲ့သည်ကိုထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံတွင် ရေနံတူးဖော်ခြင်း စတင်ခဲ့သည့် အချိန်ကာလများ၌ပင် စနစ်တကျရှိစေရေးအတွက် ထိန်းကျောင်းမှုများရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်ကစတင်တွေ့ရှိခဲ့သောရေနံသည် ကုန်းဘောင်ခေတ်တွင် စနစ်ကျစွာ ကြပ်မတ်မှုဆောင်ရွက်နိုင်ခဲ့ပြီး အင်္ဂလိပ်အုပ်ချုပ်မှုအချိန်ကာလတွင် နည်းပညာဆန်းသစ်မှုနှင့် ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ၊ လက်ဝါးကြီးအုပ်စီးပွားရှာမှုများကြောင့် ယခင်ကထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ကြသည်။ ယင်းအချိန်က ရေနံလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အရေးပါဆုံးနှင့်ဝင်ငွေအရဆုံး လုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။

ရေနံလက်ယက်တွင်းများ တူးဖော်ခြင်းသည် ရှေးယခင်ကတည်းကပင်ရှိခဲ့ကြပြီး ယနေ့ကာလတွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ တူးဖော်ထုတ်လုပ်နေကြပြီဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး တူးဖော်ထုတ်လုပ်ခဲ့ကြသည်။ နိုင်ငံပိုင်စီးပွားရေးဥပဒေအရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်မှစ၍ ရေနံလက်ယက်တွင်းတိမ်(ပေတိမ်)များကို ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည်။ ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ခွင့်ပြုခဲ့ပြီး လုပ်ငန်းများကြီးကြပ်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအား ခွင့်ပြုခဲ့သည်။ ၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဥပဒေအရ အနက်ပေ ၁၀၀၀ ထက်မပိုဘဲ တူးဖော်ရမည်ဟု ပြဋ္ဌာန်းခဲ့သော်လည်း နည်းဥပဒေမရှိသေးသည့်အပြင် ကြပ်မတ်စစ်ဆေးမှုအားနည်းခဲ့သည့်အတွက် ပေ ၂၀၀၀-၃၀၀၀ ကျော်အထိ တူးဖော်ထုတ်လုပ်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လ ၄ ရက်တွင် ရေနံလက်ယက်တွင်းဆိုင်ရာနည်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းနည်းဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလက်ယက်တွင်းတစ်တွင်းနှင့် တစ်တွင်း အကွာအဝေးကို အနည်းဆုံး ပေ ၁၀၀ ထားရှိရမည်ဟု ပြဋ္ဌာန်းထားသော်လည်း မြေပြင်တွင် Water Jet စက်များအသုံးပြုပြီး မြေတစ်ဧက(ပေ ၂၁၀ ပတ်လည်)လျှင် ရေနံလက်ယက်တွင်း ၁၀ တွင်းမှ ၁၅ တွင်းထိ တစ်တွင်းနှင့်တစ်တွင်း ပေ ၂၀ မှ ပေ ၅၀ သာခြား၍ တူးဖော်ထုတ်လုပ်ခဲ့ကြသည်။

ရေနံထုတ်ယူနေသောတွင်းနှင့် နီးနိုင်သမျှနီးပြီးတူးဖော်ပါက ရေနံထွက်ရန် ပိုမိုသေချာသည်ဟု ယုံကြည်ကြသော်လည်း ထုတ်ယူနေသည့်ရေနံကြောထဲသို့ တွင်းသစ်မှရွှံ့ရည်များ ဝင်ရောက်လာ၍ ရေနံကြောကို ထိခိုက်ပျက်စီးခြင်းနှင့် အထွက်နှုန်းကျဆင်းခြင်း စသည့်မလိုလားအပ်သော ဆိုးကျိုးများဖြစ်ပေါ်လာမည်ကိုလည်း သိရှိလိုက်နာရမည်ဖြစ်သည်။ ရေနံထုတ်ယူမည့်သဲကြော၏ ဂုဏ်သတ္တိအလိုက် သင့်လျော်သည့်အကွာအဝေးရှိမှသာ ရေရှည်ထုတ်ယူနိုင်ခြင်းနှင့်ရသင့်သည့်ရေနံပမာဏကို ထုတ်ယူနိုင်မည်ဖြစ်ရာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံတွင်းများအတွက် ပေ ၃၀၀ ခန့်နှင့်သဘာဝဓာတ်ငွေ့တွင်းများအတွက်ပေ ၁၀၀၀ အနည်းဆုံး အကွာအဝေးသတ်မှတ်၍ စနစ်တကျတူးဖော်လျက်ရှိသည်။

## စနစ်ကျစွာတူးဖော်ခြင်း

စနစ်ကျစွာတူးဖော်ရာတွင် တွင်းတူးဖော်ခြင်းနှင့် တွင်းကာပိုက်များချထားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရေနံနှင့်ဓာတ်ငွေ့သိုက်အပေါ်မူတည်၍ တူးဖော်ရသည့်အနက်ပေ၊ အသုံးပြုရသည့် တွင်းတူးရွှံ့ရည်၏ဂုဏ်သတ္တိ၊ ချထားရသည့်တွင်းကာပိုက်များ၊ တွင်းတူးစက်နှင့်စက်ကိရိယာများ ကွဲပြားခြားနားသည်။ လိုအပ်ချက်နှင့်ကိုက်ညီသည့် စက်ကိရိယာပစ္စည်းများအသုံးပြုမှသာ အောင်မြင်သော ရေနံနှင့်ဓာတ်ငွေ့တွင်းများကို အန္တရာယ်ကင်းစွာ တူးဖော်ရရှိနိုင်မည်ဖြစ်ရာ သတ်မှတ်ပေအထိတူးဖော်၍ တိုင်းတာမှုများ ဆောင်ရွက်ပြီးနောက် သတ်မှတ်အရွယ်ရှိ တွင်းကာပိုက်များချပြီး ပိုက်နှင့်တွင်းနံရံကြားကို ဘိလပ်မြေဖြင့်သရိုးကိုင်ရပါသည်။ ဘိလပ်မြေဖြင့် သရိုးကိုင်ခြင်းက အပေါ်ယံရှိရေချိုလွှာကို အောက်ဘက်မှ ရေနံ၊ ဓာတ်ငွေ့နှင့် ဆားငန်ရည်များ ဝင်ရောက်ခြင်းမှ ကာကွယ်စေသည်။ မြေအောက်ရေနံ၊ ဓာတ်ငွေ့၊ ရေငန်ရည်ကြောများကို သီးခြားစီဖြစ်နေစေရန် ပိတ်ဆို့ကာကွယ်ပေးရသည်ဖြစ်ရာ ယနေ့တူးဖော်နေသည့် ရေနံလက်ယက်တွင်းများတွင် ဖော်ပြပါအတိုင်း ဆောင်ရွက်ကြမည်မဟုတ်သည်မှာ သေချာလှပေသည်။

ပုဂံခေတ်မှစတင်၍ တူးဖော်ထုတ်လုပ်ခဲ့သည့် ရေနံချောင်းရေနံမြေသည် စနစ်တကျတူးဖော်ထုတ်လုပ်ခဲ့မှုများကြောင့် ယနေ့ထိတိုင်ပင် ထုတ်ယူရရှိနေခြင်းသည် မည်သို့မျှ ငြင်း၍မရသည့်သက်သေသာဓကပင်ဖြစ်ပေသည်။

## စနစ်ကျစွာစွန့်ပစ်ခြင်း

ယနေ့ ရေနံလက်ယက်တွင်းများ တူးဖော်ရာတွင် ရရှိအောင်မြင်သည့် တွင်းများရှိသကဲ့သို့ မရရှိ မအောင်မြင်ခဲ့သည့်တွင်းများလည်းရှိရာ မအောင်မြင်ပါက တွင်းသစ်တူးရန် နေရာအသစ်ထပ်မံရှာဖွေပြီးပြင်ဆင်ကြသည်။ မိမိတူးဖော်ခဲ့ပြီး မအောင်မြင်ခဲ့သည့်တွင်းနေရာဟောင်းကို စွန့်ပစ်ထားခဲ့ကြသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ မတွေ့သောတွင်းဖြစ်စေ၊ ထုတ်ယူပြီးကုန်ဆုံးသွားသောတွင်းဖြစ်စေ စနစ်တကျပိတ်သိမ်း၍ စွန့်ပစ်ရမည်သာဖြစ်သည်။ Plug & Aban-don(P & A) ပြုလုပ်သည်ဟုခေါ်သည်။ စီမံကိန်းကြီးများတွင် ရေနံတွင်း၊ ရေနံမြေကို စနစ်တကျစွန့်ပစ်နိုင်ရန် Decommiss-ioning လုပ်ငန်းစဉ်များ သတ်မှတ်ပြီး တိကျစွာလိုက်နာဆောင်ရွက်ကြရသည်။ စနစ်တကျမပိတ်သိမ်းပါက အဆိုပါ တွင်းဟောင်းများမှထွက်ရှိသော ဆားငန်ရည်၊ ရေနံနှင့်ဓာတ်ငွေ့အစအနများက ကမ္ဘာမြေ၏ ရေချိုလွှာများကို ညစ်ညမ်းပျက်စီးစေနိုင်သည်။ ထိုသို့မဖြစ်စေရန် ပိတ်သိမ်းခြင်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည်။ ထိုသို့ပိတ်သိမ်းရာတွင် ဘိလပ်မြေ မောင်းသွင်းပိတ်ဆို့သည့် လုပ်ငန်းစဉ်များလည်း ပါဝင်သည်။ စနစ်တကျစွန့်ပစ်ခဲ့ခြင်းမရှိပါက တွင်းဟောင်းများထဲသို့ မိုးရေများဝင်ရောက်လာပြီး ထုတ်ယူနေသည့်တွင်းများမှ ရေနံကြောကို လုံးဝထုတ်ယူ၍ မရတော့သည်အထိ ပျက်စီးစေနိုင်သည်။ ထိုကဲ့သို့ နည်းစနစ်မကျစွာ စွန့်ပစ်ခဲ့သည့်တွင်းဟောင်းများ ရေနံမြေဧရိယာများတွင် မည်မျှရှိနေမည်ကို စဉ်းစားကြည့်နိုင်သည်။

## စနစ်ကျစွာတူးဖော်မှုမပြုခြင်း၏ အကျိုးဆက်များ

ယနေ့အချိန်တွင် ရေနံလက်ယက်တွင်းများတူးဖော်ရာ၌ စက်ကိရိယာများ အထိုက်အလျောက် အသုံးပြုလာကြသော်လည်း ခေတ်မီနည်းပညာများဖြင့် စနစ်တကျပေါင်းစပ်တူးဖော်မှုမရှိခြင်းနှင့် မြေအောက်ကျောက်လွှာများ၏ဘူမိဗေဒဆိုင်ရာသဘောတရားများကို နားလည်ကျွမ်းဝင်မှုမရှိဘဲ တူးဖော်ခဲ့ခြင်းများကြောင့် မြေအောက်တွန်းကန်အားများသည့် သဘာဝဓာတ်ငွေ့သဲကြောလွှာများကို တူးဖောက်မိပါက တွန်းကန်ထွက်လာပြီး မီးလောင်မှုအန္တရာယ်များ၊ အသက်အန္တရာယ်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရခြင်းများနှင့် မြေအောက်တွန်းကန်အားများသည့်ရေအောင်းလွှာများကို တူးဖောက်မိပါက ဆားငန်ရည်များမြေပေါ်သို့တွန်းကန်ထွက်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်းများဖြစ်မည်ဖြစ်သည်။ ထို့ပြင် ရေနံလက်ယက်တွင်းများကို တစ်တွင်းနှင့်တစ်တွင်း ထားရှိရမည့် အကွာအဝေး(Well Spacing) အတိုင်း မထားရှိဘဲ နီးကပ်စွာတူးဖော်ကြခြင်းကြောင့် ရေနံခိုအောင်းလွှာဖိအားကို လျော့ကျစေနိုင်ပြီး ရေနံသဘာဝစီးဆင်းမှုကို

စာမျက်နှာ ၁၄ သို့ ⏭

⏭ **စာမျက်နှာ ၁၃ မှအဆက်**

အဟန့်အတားဖြစ်စေနိုင်သည်။ ထိုအချက်သည် ရေနံကို သက်တမ်းရှည်ကြာစွာ ထုတ်ယူနိုင်ရန် အခက်အခဲဖြစ်စေသည်ကို သတိချပ်ရမည်ဖြစ်သည်။ ရေနံလက်ယက်တွင်း တူးဖော်သူများအနေဖြင့် Isolation (မြေအောက် ရေနံကြော၊ ဓာတ်ငွေ့ကြောနှင့် ရေကြောများ ကူးလူးရောယှက်မှုမရှိစေရန် မလိုအပ်သည့် ရေကြောများကို ဘိလပ်မြေချခြင်း၊ ရော်ဘာပလပ်ချခြင်း)ကိုမစဉ်းစားခဲ့ကြသဖြင့်မြေအောက်ရေနံကြော၊ ဓာတ်ငွေ့ကြောနှင့် ရေကြောများ ကူးလူးရောယှက်မှုကြောင့် ရေနံသိုက်များ အချိန်မတိုင်မီ ပျက်စီးခြင်းနှင့် တွင်းသက်တမ်းတိုခြင်းများဖြစ်ပေါ်လျက်ရှိရာ ပြည်သူလူထု၏ ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများမှာ များစွာပျက်စီးဆုံးရှုံးရလျက်ရှိသည်။

ဘူမိဗေဒသဘောတရားများကိုသေချာစွာသိရှိခြင်းမရှိဘဲ တူးဖော်ခြင်းသည် ရေနံခိုအောင်းလွှာ သဲကြောများကို အားပျော့သွားစေနိုင်သည်။ ထိပ်ပိတ်ကျောက်(Cap Rock)သည် အတားအဆီးကျောက်လွှာတစ်ခုအဖြစ်လုပ်ဆောင်ပြီး ၎င်းအောက်ရှိ ရေနံနှင့်ဓာတ်ငွေ့များကို အပြင်သို့ထွက်မသွားအောင် တားဆီးပေးရာ လက်ယက်တွင်းများအနေဖြင့် စနစ်တကျတူးဖော်ခြင်းမျိုးမရှိခြင်းကြောင့် ရေနံခိုအောင်းလွှာများကို ပျက်စီးယိုစိမ့်မှု သို့မဟုတ် ဟိုက်ဒရိုကာဗွန်များကို အချိန်မတန်မီ ရွှေ့ပြောင်းမှုဖြစ်စေနိုင်သည့်အတွက် ဖွဲ့စည်းတည်ဆောက်ပုံပျက်စီးခြင်း(Structural damage)များဖြစ်ပေါ်လာနိုင်သည်။

လက်ယက်တွင်းများသည် လေမှုတ်ထုတ်ခြင်း(တွင်းကန်ခြင်း၊ Blow out)ကို တားဆီးနိုင်မည့် ထိန်းချုပ်မှုစနစ်များမရှိသည့်အတွက် ရေနံခိုအောင်းလွှာအတွင်းသို့ထိုးဖောက်ဝင်ရောက်ပါက ဟိုက်ဒရိုကာဗွန်များသည် မြေမျက်နှာပြင်ပေါ်သို့ ထိန်းမနိုင်သိမ်းမရ ကန်ထွက်သွားနိုင်ပြီး ထိန်းချုပ်မရသော ဟိုက်ဒရိုကာဗွန်ထုတ်လွှတ်မှု (Uncontrolled Hydro-carbon Release)ကို ဖြစ်ပေါ်စေသည်။ ၎င်းတို့နှင့်အတူ အခြားအဆိပ်သင့်ဓာတုပစ္စည်းများပါဝင်နိုင်ပြီး စနစ်တကျသန့်စင်ခြင်း၊ စွန့်ပစ်ခြင်းမရှိပါက မြေဆီလွှာကို ညစ်ညမ်းစေကာ ရေနံလက်ယက်တွင်းလုပ်ကွက်အတွင်းရှိသစ်တောသစ်ပင်များ ထိခိုက်ပျက်စီးခြင်း၊ အပင်များ၏ကြီးထွားမှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်နိုင်သည်။ အဆိုပါအဆိပ်သင့်ဓာတုပစ္စည်းများသည်မြေပေါ်ရေ၊ မြေအောက်ရေထဲသို့ ရောက်ရှိနိုင်သဖြင့် ရေအရင်းအမြစ်များနှင့်ဒေသမျိုးရင်း တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလေ့ကျနေထိုင်ရာ စားကျက်နေရာများကို ပျက်စီးစေနိုင်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းဆုံးရှုံးစေပြီး ဂေဟစနစ်ဆိုင်ရာဟန်ချက်ညီမှုကို ထိခိုက်စေနိုင်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးစေမည်ဖြစ်သည်။

တူးဖော်ရာ၌လည်း ရေနံခိုအောင်းလွှာများနှင့် သဘာဝမြေအောက်ရေလွှာကြောများ နီးကပ်သည့် ရေနံမြေများတွင် ဟိုက်ဒရိုကာဗွန်များသည် အနီးနားရှိ မြေအောက်ရေကြောထဲသို့ ရွှေ့ပြောင်းသွားနိုင်သည်။ ဤစိမ့်ဝင်ရွှေ့ပြောင်းမှုသည် မြေအောက်ရေအရည်အသွေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပြီး လူ သို့မဟုတ် စိုက်ပျိုးရေအသုံးပြုမှုအတွက် ဆိုးကျိုးဖြစ်စေသည့် Aquifer Contamination များ ဖြစ်ပေါ်လာနိုင်သည်။





ရေနံလက်ယက်တွင်းများ မီးလောင်နေမှုကို တွေ့ရစဉ်။

ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက်ပြီးသည့်အခါ လုပ်ကွက်ကို မူလအနေအထားတိုင်းဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းခဲ့သော်လည်း လိုက်နာကျင့်သုံးမှုအားနည်းပြီး စနစ်မကျသည့် တူးဖော်ခြင်းများကြောင့် လေထဲသို့ အော်ဂဲနစ်ဒြပ်ပေါင်းများ၊ အဆိပ်ဓာတ်ငွေ့များနှင့် လေထုကိုညစ်ညမ်းစေသော အမှုန်အမွှား စသည်တို့အပါအဝင် ရေနံတူးစင်များမှ ထုတ်လွှတ်မှုများသည် လေထုညစ်ညမ်းမှုကို ဖြစ်စေနိုင်ပြီး ဒေသအတွင်း ဝန်းကျင်လေထုအရည်အသွေး၊ ရေနံလက်ယက်တွင်း လုပ်ကွက်အတွင်းရှိ သက်ရှိများ၏အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများနှင့် အနီးဝန်းကျင်ရှိ လူမှုအသိုင်းအဝိုင်းများအတွက် အခြားသောကျန်းမာရေးပြဿနာများကို များစွာဖြစ်ပေါ်စေနိုင်သည်။

လက်ယက်တွင်းဥပဒေအရ အနက်ပေ ၁၀၀၀ ထက်မပိုခြင်းနှင့် တစ်တွင်းနှင့်တစ်တွင်း ပေ ၁၀၀ ခြားတူးဖော်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်သော်လည်း မြေပြင်တွင် အနက်ပေ ၂၀၀၀ မှ ၃၀၀၀ ကျော်နှင့် တစ်တွင်းနှင့်တစ်တွင်း ပေ ၂၀ မှ ၅၀ ခြား တူးဖော်နေကြသည်ကို တွေ့ရှိရသည်။ ရေနံသဲကြောများကို တစ်ကြောကုန်မှ တစ်ကြော စနစ်တကျထုတ်ယူရမည်ဖြစ်သော်လည်း လက်တွေ့တွင် ရေနံထွက်ရှိရာနေရာ၌ တစ်တွင်းနှင့်တစ်တွင်း ကပ်လျက် ရေနံတွင်းပေါင်းထောင်ကျော် တူးဖော်ပြီး ရေနံထွက်နိုင်သည့်သဲကြောများကို တိုင်းတာမှတ်သားထားသည့် အကွာအဝေးအတိုင်း ကြိုတင်၍ ကွန်ကြူးပိုက်များတွင် အပေါက်များဖောက်ကာ သဲကြောအားလုံးမှရေနံများ မြန်မြန်ရရှိအောင် တစ်ပြိုင်တည်း ထုတ်ယူနေကြသည့်အတွက် မြေအောက်ရှိရေနံသဲကြောများထိခိုက်ပျက်စီးရပြီး ရေရှည်ထုတ်ယူနိုင်ရေးကို ထိခိုက်စေမည်မှာ မလွဲကေန်ဖြစ်ပေသည်။

ရေနံရရှိရေးအတွက် ရည်မှန်းတူးဖော်ခဲ့ကြသော်လည်း တစ်ခါတစ်ရံ ဓာတ်ငွေ့ထွက်လာသည့်အခါ တွင်းကာပိုက်ကို ပိတ်၍ရသော်လည်း Annulus (တွင်းကာပိုက်အပြင်နှင့် တွင်းပေါက်ကြား)မှ ဓာတ်ငွေ့စီးထွက်မှုကြောင့် မီးလောင်သည့်ဖြစ်စဉ်များစွာရှိခဲ့သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။

ရှေးဘုရင်မင်းများ လက်ထက်ကပင် လက်ယက်တွင်းများ တူးဖော်ရာတွင် စနစ်တကျရှိစေရေး ထိုက်သင့်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်ခဲ့သည့်မှတ်တမ်းများ တွေ့ရှိရသော်လည်း ယနေ့ခေတ် လက်ယက်တွင်းများကို စက်ကိရိယာများဖြင့် တူးဖော်ရာတွင် အထိန်းအကွပ်မဲ့စွာတူးဖော်နေကြသည့်အတွက် မြေအောက်ရေနံသဲကြော (Reservoir)နှင့်သဘာဝပတ်ဝန်းကျင်ကို များစွာ ထိခိုက်ပျက်စီးဆုံးရှုံးနေမည်မှာ မလွဲကေန်ဖြစ်သည်။

## စနစ်ကျစွာ တူးဖော်ထုတ်လုပ်နိုင်ရန် စီမံခြင်း

မြန်မာနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့ အရင်းအမြစ်များ ဖြစ်ပေါ်စေသည့် ကျောက်လွှာများသည် ဘူမိသက်တမ်းအရ လွန်ခဲ့သည့်နှစ်သန်းပေါင်း ၇၅ သန်းမှ ၂၃ သန်းခန့်ကြားတွင် ဖြစ်တည်ကြသည်။ ပြည်သူ့သယံဇာတများကို ပြည်သူများက သုံးစွဲကြရမည်ဖြစ်ရာ ရေရှည်စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးနှင့်သားစဉ်မြေးဆက်အထိ ထုတ်ယူသုံးစွဲနိုင်ရေး ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ **"မြန်မြန်တူး မြန်မြန်ထုတ် မြန်မြန်ရောင်း"** နောက်တစ်နေရာပြောင်းပြီး တူးဖော်ထုတ်ယူအသုံးပြုနေသည့် လက်ယက်တွင်းတူးဖော်မှုပုံစံမှမြေအောက် Reservoir များ ထိခိုက်မှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန်သတိချပ်၍ စနစ်တကျတူးဖော်သည့်ပုံစံသို့ ပြောင်းလဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် ရေနံလက်ယက်တွင်း တူးဖော်လုပ်ကိုင်သူများအနေဖြင့် တူးဖော်ရရှိသည့်ရေနံစိမ်းများကို မိမိအစီအစဉ်ဖြင့်သာ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ချက်လုပ်ခြင်းနှင့် ပြန်လည်ရောင်းချခြင်းများဆောင်ရွက်ခဲ့ကြပြီး စွမ်းအင်ဝန်ကြီးဌာန၏ စီမံခန့်ခွဲကြီးကြပ်မှုအောက်တွင် မရှိခဲ့ခြင်းတို့ကြောင့် လေလွင့်ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်စေပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်။ ယင်းသို့ ပြည်သူလူထု၏ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများသည် အထိန်းအကွပ်မဲ့စွာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရေနံလက်ယက်တွင်းများ တူးဖော်ချက်လုပ်ခွင့်၊ သယ်ဆောင်ဖြန့်ဖြူးခွင့်များနှင့်ပတ်သက်ပြီး ထိန်းချုပ်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် စွမ်းအင်ဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီးများသို့ ရေနံလက်ယက်တွင်းမှ ရေနံတူးဖော်ခြင်း၊ ရေနံထုတ်လုပ်ခြင်းနှင့် ရေနံချက်လုပ်ခြင်းဆိုင်ရာလုပ်ငန်းလိုင်စင်များကို ဆိုင်းငံ့ထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

ယနေ့အချိန်တွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုလက်ဝယ်သို့ ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရေနံလက်ယက်တွင်းများ တူးဖော်ခဲ့ကြသည့်လုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆွေးနွေးလျက်ရှိပြီး စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများပေါင်းစပ်အသုံးပြုပြီး Standard Well (နည်းစနစ်ကျတွင်း)များတူးဖော်ခြင်းကို လုပ်ငန်းရှင်များအနေဖြင့် ဆောင်ရွက်စေရန်အစီအမံများ ပြုလုပ်လျက်ရှိသည်။ ရရှိလာသည့် ရေနံစိမ်းများကိုလည်း လျော်ကန်သင့်မြတ်သည့် ဈေးနှုန်းသတ်မှတ်၍ ဝယ်ယူပြီး နိုင်ငံပိုင်ရေနံချက်စက်ရုံကြီးများတွင် ချက်လုပ်၍ သုံးစွဲသူပြည်သူလူထုထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ရာ စနစ်မကျသည့် ရေနံလက်ယက်တွင်းများတူးဖော်ခြင်းကြောင့် မြေအောက်ရေနံသဲကြော(Reservoir)များနှင့်သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးခြင်း၊ ရေနံတွင်းများ ပေါက်ကွဲမီးလောင်မှုကြောင့် ရေနံလုပ်သားများအတွက် အန္တရာယ်ဖြစ်ပေါ်ခြင်း၊ ရေနံသိုက်များ အချိန်မတိုင်မီပျက်စီးခြင်းနှင့်တွင်းသက်တမ်းတိုခြင်း၊ ရေနံခိုအောင်းလွှာများပျက်စီးယိုစိမ့်မှု သို့မဟုတ် ဟိုက်ဒရိုကာဗွန်များကို အချိန်မတန်မီရွှေ့ပြောင်းမှုများ ဖြစ်ပေါ်စေခြင်း၊ ဂေဟစနစ်ဆိုင်ရာဟန်ချက်ညီမှုကို ထိခိုက်စေခြင်း၊ မြေအောက်ရေအရည်အသွေးကို ဆိုးဆိုးရွားရွားထိခိုက်စေခြင်း၊ လူမှုအသိုက်အဝန်းများအတွက် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေခြင်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတများ လေလွင့်ဆုံးရှုံးမှုများဖြစ်ပေါ်စေခြင်း စသည့်မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများကို ပပျောက်စေပြီး အကန့်အသတ်နှင့်သာထုတ်ယူနိုင်သည့် တန်ဖိုးရှိသောရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပြည်သူလူထုအနေဖြင့် ထိုက်တန်စွာအသုံးပြုခွင့်ရရှိနိုင်ရေး စွမ်းအင်ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား ယခင်လက်ယက်တွင်းများတူးဖော်ခဲ့သည့် ရေနံမြေများတွင် (Standard Well)နည်းစနစ်ကျတွင်းများ တူးဖော်နိုင်သည့် အခွင့်အလမ်းများရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်များကို သယံဇာတပိုင်ရှင်ပြည်သူအများသိရှိနိုင်စေရန် တင်ပြလိုက်ရပါသည်။ ။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ကလောမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကလော ဖေဖော်ဝါရီ ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ကလောမြို့နယ် ကလောဘူတာအနီးတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ကလောချောင်း မူလနယ်နိမိတ်မြေတိုင်းတာပြီးစီးမှုကိုသွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကလောချောင်းဘေးမြေကာနံရံ ၉ ပေအမြင့် ဆောင်ရွက်နေမှု၊ ရာဂိမုန်တိုင်းကြောင့် ပျက်စီးသွားသောရေအေးကန် ရေပေးဝေရေးပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ရေအေးကန်သွားလမ်းနှင့် တမံချဉ်းကပ်လမ်းပြင်ဆင်ဆောင်ရွက်မှု၊ ရာဂိမုန်တိုင်းဒဏ်ကြောင့် ကလောမြို့ မောမြေဦးပန်းခြံအတွင်း ထိခိုက်ပျက်စီးမှုများနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာတွင် သဘာဝဘေးဒဏ်ကြောင့် လျှိုအတွင်း ရေထွက်ပေါက်မရှိဘဲ ထူးပေါက်ပိတ်ဆို့မှုကြောင့် ရေစီးဆင်းနိုင်ရန် ရေနုတ်မြောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒေသခံများက ရေအမြန်ကျဆင်းစေရေးအတွက် ရေမြောင်းတူးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



(သတင်းစဉ်)

# ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၉ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ညနေပိုင်းတွင် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား အဝင်မုခ်ဦး၊ Photo Booth၊ Interview Booth၊ ဂုဏ်ပြုခံလျှောက်လမ်း (Red Carpet) နေရာများ၊ ၁၉၅၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုရရှိခဲ့ကြသူများ၏ မှတ်တမ်းဓာတ်ပုံများနှင့် ၂၀၂၄ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကားအမည်များ ပြသထားရှိမှု၊ အခမ်းအနားကျင်းပမည့် ကျောက်စိမ်းခန်းမ၌ အကယ်ဒမီဆုပေးပွဲ စင်မြင့်ပြင်ဆင်ထားရှိမှု၊ အသံစနစ်နှင့် မီးစနစ်များတပ်ဆင်ပြီးစီးမှု၊ Stage LED Screen နှင့် LED ဘုတ်များ တပ်ဆင်မည့်နေရာများ၊ နေရာထိုင်ခင်းများနှင့် မီဒီယာဇုန်သတ်မှတ်ထားသည့်နေရာများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် အနုပညာရှင်များကို အလေးထားတန်ဖိုးထားသည့်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ အခမ်းအနားအစီအစဉ်များအလိုက် ကြိုတင်လေ့ကျင့်မှုများကို စနစ်တကျစီမံဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။ (၅၀၀)

# စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၆

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဖွံ့ဖြိုးရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ပေးခဲ့သည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၁၆ ချက်အပေါ် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ ကော်မရှင်၏ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက်လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အချိန်ဇယားရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ အဓိကစွမ်းဆောင်နိုင်မှု တိုင်းတာခြင်း ညွှန်ကိန်းများသတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသည့်ညွှန်ကိန်းများအတိုင်း သုံးသပ်အကဲဖြတ်ခြင်းတို့ကို ကော်မရှင်အဖွဲ့ဝင်သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဦးဆောင်စီမံ၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များ၊ ပြည်တွင်း၌ အသုံးများသည့် ကုန်ပစ္စည်းများ၊ ဒေသအလိုက် အောင်မြင်ပြီးဖြစ်သည့် ထုတ်ကုန်များကို ပြည်တွင်းတွင် စီးပွားရေးတွက်ခြေကိုက်အောင် ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များကို ပံ့ပိုးကူညီတွန်းအားပေးဆောင်ရွက်ကြရမည့် ကိစ္စရပ်များ၊ သွင်းကုန်အစားထိုး စက်မှုကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ စွမ်းအင်၊ ငွေကြေး၊ လူ့စွမ်းအား အရင်းအမြစ်၊ နည်းပညာစသည်တို့ကို အချိန်မီလွယ်ကူလျင်မြန်စွာရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များ၊ စက်မှုဖွံ့ဖြိုးရေးကော်မရှင်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့တင်ပို့နိုင်ရေး အရည်အသွေးမြင့်၊ တန်ဖိုးမြင့်ထုတ်ကုန်များကို ထုတ်လုပ်နိုင်ရေး နိုင်ငံတော်၏စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစသည့် ရည်မှန်းချက်များထားရှိဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ကော်မရှင်ဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များမှ ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင်အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများ၊ စိုက်ပျိုးရေးအခြေပြုစက်မှုလုပ်ငန်းများ ဖော်ဆောင်နိုင်မည့် စက်ရုံများအခြေအနေတို့ကို လည်းကောင်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ အခြေအနေတို့ကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အချက်များနှင့်ပတ်သက်၍ လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်း၊ အဓိကဆောင်ရွက်ရမည့် ညွှန်ကိန်းများသတ်မှတ်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဦးတည်ရမည့် ရည်မှန်းချက်များ၊ ချမှတ်အကောင်အထည်ဖော်ရမည့် မဟာဗျူဟာများကို ကော်မရှင်အဖွဲ့ဝင်များအကြား ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်း စီမံကိန်းပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၆

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဆောင်ရွက်သည့် တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်း စီမံကိန်းပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် ကန်းခြံကျေးရွာ၌ ကျင်းပရာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လမ်းဝန်းဆက်သွယ်ရေးဝန်ကြီးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၃ ဖြင့် တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုကို ကြည့်ရှုကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးဦးလှမိုးက ယခုပြီးမြောက်အောင်မြင်ခဲ့သည့် တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်း စီမံကိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှုအထူး ရန်ပုံငွေက ကူညီထောက်ပံ့မှုများနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေ ရပ်စောက်၊ လွိုင်လင်မြို့နယ်တို့မှ ကျေးရွာ သုံးရွာတွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ရေတားတမံများ၊ စိမ့်စမ်းရေသွယ်ပိုက်လိုင်းများ၊ ရေသန့်စင်စနစ်များ၊ ရေစုကန်များ၊ အိမ်သွယ်ရေတိုင်များအား ရေမီတာစနစ်ဖြင့် သန့်ရှင်းသော သောက်သုံးရေများ ရရှိအောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ စီမံကိန်းဆောင်ရွက်ပေးနိုင်မှုကြောင့် ကျေးရွာသုံးရွာရှိ ဒေသခံအိမ်ထောင်စု ၃၆၉ စု၊ လူဦးရေ ၁၆၂၇ ဦးတို့အတွက် ရေကောင်း ရေသန့်များကို အချိန်မရွေး၊ ရာသီမရွေး ဖူလုံစွာ ရရှိသုံးစွဲနိုင်တော့မည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Ms. Ma Jia က မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများ၊ လန်ချန်း-မဲခေါင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ လန်ချန်း-မဲခေါင်စီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို လည်းကောင်း၊ ရှမ်းပြည်နယ်လမ်းဝန်းဆက်သွယ်ရေးဝန်ကြီးက ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဒေသခံပြည်သူ တစ်ဦးက ကျေးဇူးတင်စကားပြောကြား၍ စီမံကိန်း အောင်မြင်ပြီးမြောက်ခြင်းအထိမ်းအမှတ် အမှတ်တရလက်ဆောင်များ ပေးအပ်ကာ ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပြီး စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော ရေပေးရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

အခမ်းအနားအပြီးတွင် ညောင်ရွှေမြို့နယ် ကန်းခြံ(အထက်/အောက်)ကျေးရွာ ရပ်စောက်မြို့နယ် ကျောက်တောခေတ်မီစံပြကျေးရွာ လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာတို့မှ ကျေးရွာနေ ပြည်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာသို့သွားရောက်ပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ရောင်နီဦးစိုက်ပျိုးရေးသမဝါယမအသင်းအမှုဆောင်များ၊ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကိုဆွေးနွေးပြောကြားပြီး အသင်းသားတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)သို့လည်းကောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကွပ်ကဲမှုအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ဆရာ၊ ဆရာများ၊ ကျောင်းသားကျောင်းသူများ၏တင်ပြချက်များကိုပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)



# အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၁/၂၀၂၅)သို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြား





နေပြည်တော် ဖေဖော်ဝါရီ ၆

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကိုလက်ခံမှု မရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ပြန်လည်လွှဲပြောင်းပေးရေးကိစ္စများနှင့်ပတ်သက်၍ The Country Task Force on Monitoring and Reporting-CTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုမတိုင်မီ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့် စစ်သည် ၅၉၇ ဦးအား တပ်မတော်မှနုတ်ထွက်ခွင့်ပြုပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက် (Plan of Action) ကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၂ ခုနှစ်မှ ယနေ့အထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်ပါစုဆောင်းလျက်ရှိကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို CTFMR သို့ အသိပေး အကြောင်းကြားလျက်ရှိကြောင်း။

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော်ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုလည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါနည်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများမပါရှိစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အသီးသီးမှ စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း CTFMR နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါစစ်သည်များအား မိဘ/အုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်တွင်းထုတ်အရည်အသွေးကောင်း ဂျုံမျိုးများတိုးချဲ့စိုက်ပျိုးရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၆

ဂျုံအခြေခံသော စားသောက်ကုန်များ ထုတ်လုပ်ရန် အရည်အသွေးကောင်း ပြည်တွင်းထုတ်ဂျုံမျိုးများ တိုးချဲ့စိုက်ပျိုးရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂျုံသီးနှံပညာရှင်များနှင့် သုတေသီများ၊ မြန်မာနိုင်ငံဂျုံစက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲမကျင်းပမီ ပြည်တွင်းဂျုံမျိုးများဖြင့် ထုတ်လုပ်ထားသည့် ပေါင်မုန့်၊ ပေါက်စီနှင့် ဂျုံအခြေခံစားသောက်ကုန်နမူနာများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသရာ ဂျုံစက်လုပ်ငန်းရှင်များက ဂျုံမျိုးအလိုက် အရသာ အရည်အသွေးများကို လေ့လာကြသည်။

ထို့နောက်ညှိနှိုင်းဆွေးနွေးပွဲကို စတင်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဂျုံသီးနှံသည် နိုင်ငံအတွင်းအောင်မြင်စွာ စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည့်အပြင် အမျိုးအစားအလိုက် အရည်အသွေးများရှိသောကြောင့် ပြည်ပနိုင်ငံများမှ ဂျုံကုန်ကြမ်းများကို အဓိကထား တင်သွင်းဆောင်ရွက်ခြင်းမပြုဘဲ အရည်အသွေးကောင်းသော ဂျုံမျိုးကောင်းမျိုးစေ့များကို အသုံးပြု၍ ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်သွားရန် စီမံလျက်ရှိကြောင်း၊ ယခုလေ့လာကြည့်ရှုခဲ့ကြသည့် ဂျုံအမျိုးအစားများမှ လုပ်ငန်းရှင်များနှစ်သက်သဘောကျသည့် ဂျုံမျိုးများကို ရွေးချယ်တင်ပြလာပါက လိုအပ်မှုအပေါ်မူတည်၍ ဒေသအလိုက် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဂျုံစိုက်တောင်သူများ၊ ဂျုံသီးနှံစိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူ အစုအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ပြည်တွင်း၌ အရည်အသွေးကောင်း ဂျုံမျိုးများတိုးချဲ့စိုက်ပျိုးရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ပြည်တွင်း၌ လက်ရှိဂျုံသီးနှံ စိုက်ပျိုးထုတ်လုပ်နေမှုနှင့် အရည်အသွေးကောင်း ဂျုံမျိုးများ တိုးချဲ့စိုက်ပျိုးမည့်အစီအစဉ်များ၊ ဂျုံမျိုးများ မျိုးစပ်ထုတ်လုပ်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံဂျုံစက်လုပ်ငန်းရှင်များနှင့် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးချက်များအရ ပြည်တွင်း၌ လက်ရှိဂျုံမျိုး ၁၅ မျိုးကို တိုင်းဒေသကြီးနှင့်ပြည်နယ်ခြောက်ခုတွင် ဧက ၁၂၆၀၀၀ ကျော် စိုက်ပျိုးထားရှိပြီး၊ စုစုပေါင်းဂျုံအထွက်တင်း ၂၉၇၀၀၀၀ ကျော်ထွက်ရှိကာ ဂျုံမှုန့်တန်ချိန်တန် ၇၂၇၀၀၀ ကျော်ကို နှစ်စဉ်ထုတ်လုပ်လျက်ရှိပြီး ဂျုံစက်လုပ်ငန်းရှင်များက ပြည်တွင်းစိုက်ပျိုးထုတ်လုပ်သော ဂျုံမျိုးများကို ခွဲခြမ်းစိတ်ဖြာ... ကို ခတ်ခွဲစမ်းသပ်ပြီး ၎င်းတို့ကြိုက်နှစ်သက်သည့် ဂျုံမျိုးများကို ပြန်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 78th Anniversary of Shan State Day

## (7 February 2025)

**Esteemed ethnic national brethren in Shan State,**

On this auspicious occasion of the 78th Anniversary of Shan State Day, which falls on 7 February 2025, I extend my heartfelt greetings and best wishes to all ethnic national brethren across Shan State and the entire nation. May you all be blessed with good health and happiness.

Shan State is the largest state in terms of area among all regions and states in Myanmar and is also home to the highest number of ethnic groups. Within Shan State, various Shan ethnic tribes, including Shan, Pa-O, Palaung, Danu, Intha, Taungyo, Wa, Htanot, Kokang, Lahu, Yinnet, Yinkya, Myaungzee, and Arkha, coexist alongside other ethnic groups such as Kachin, Kayah, and Lisu. These diverse ethnic communities have lived together for a long time, demonstrating a strong tradition of unity and harmony in the spirit of the Union.

Looking back the historical evidence, artifacts from Myanmar's Late Stone Age and the period of urban cultural development can be found in Shan State. The linguistic heritage, cultural traditions, and artistic legacy of the ethnic groups within Shan State are closely intertwined with the overall cultural and artistic landscape of the Union. This serves as a testament to the long-standing history of peaceful coexistence and mutual harmony among the people of the Union for many centuries.

During the three aggressive invasions by the British colonialists, the Shan Saophas and the Shan ethnic people, along with other ethnic groups, united and fiercely resisted. Their tradition of standing together with unwavering patriotism and dedication to national sovereignty remains a source of pride and honour for the Shan State and the Shan people.

From the time the British colonized Myanmar, they ruled the mountainous regions and the lowlands—once united and undivided—through various divide-and-rule tactics. Even when they were eventually compelled to grant Myanmar its independence, they attempted to continue their divisive governance over the mountainous regions. To counter this effort, Shan Saophas who were members of the Shan State Saophas' Council, along with representatives of the Shan State People's Freedom Organization, held discussions in Panglong, Shan State, from 3 to 6 February 1947. As a result, on 7 February 1947, they successfully formed the Shan State Council Executive Committee, comprising a total of 14 members—seven public representatives and seven Saophas representatives. Additionally, they petitioned the British government to abolish the Shan State Saophas' Council, which had previously functioned under colonial rule. The Shan State Council Executive Committee ultimately signed an agreement to achieve independence together with the mainland of Myanmar.

On 11 February 1947, during the Panglong Conference, 7 February was designated as Shan State Day to commemorate the unity and agreement reached for the future of the state and the nation. The decision, based on the solidarity of Shan princely rulers and local leaders, became a strong foundation for the historic Panglong Agreement and the emergence of Union Day. This year marks the 78th anniversary of the designation of 7 February as Shan State Day. As it played a crucial role in supporting Myanmar's journey to independence, it is also a significant and revered day for ethnic nationalities.

The emergence of Shan State Day is closely linked to a significant historical event in which colonial rulers' divide-and-rule policies were successfully resisted. It also stands as a firm testament to the historic event of **"Union Day,"** which symbolized the crucial effort of ethnic unity and solidarity in the struggle for national independence.

Ethnic unity is of utmost importance for the peace, stability, and sovereignty of a nation. Moreover, as it serves as a driving force for national development, it is essential to remove doubts among ethnic national brethren and engage in dialogue and negotiation to achieve lasting peace. In regions where armed groups are present, local people are growing increasingly weary of violence and conflicts that harm the interests of both the nation and its people. It is a call to acknowledge and consider the collective desire of all citizens who long for social development and a secure, peaceful life.

At present, the government is implementing the five-point roadmap and the nine objectives related to political, economic, and social affairs for national peace, stability, and development. Preparations are underway to hold a free and fair multi-party democratic general election to ensure stability, peace, and a smooth democratic transition. Among the five-point roadmap, the government is continuously striving to implement the peace process in accordance with the agreement that states: **"Priority will be given to the achieving peace as the essence of the state and stabilizing the results of the peace process in alignment with the agreements in the Nationwide Ceasefire Agreement (NCA) to the extent possible."** Ethnic armed organizations are urged to consider the interests of the Union and all ethnic people with sincerity, rather than focusing solely on their own desires and group interests, and to work toward achieving durable peace in the Union.

Due to the destruction of fundamental infrastructure built for national development, ethnic citizens have suffered hardships. Likewise, the meaningless loss of valuable human resources essential for national progress has also weakened the country's strength. Therefore, I would like to once again urge all ethnic citizens to deeply understand and actively cooperate in working towards stability and lasting peace.

Armed conflict in our country is a difficult and challenging issue. Our sole intention is to end armed conflict for the benefit of the nation and the people, striving to build a durably peaceful, stable, and prosperous country. Therefore, all ethnic communities must resolve these issues through political means and dialogue, as they desire. Only through dialogue and negotiations can stability and peace be achieved, leading to improvements in the economic and social conditions of the people.

For a nation to thrive and stand strong, it must enhance its ability to defend itself and improve its capacity to function effectively. If a country cannot sustain its own survival and stability through its own efforts, its sovereignty will weaken, and it may fall under the control of others. To remain an independent and stable nation, we must all unite and stand together to prevent subjugation by others. In times of potential danger to the nation, the armed forces, which bear the primary responsibility for national defence, must work closely with the people. With patriotism and unwavering courage, we must act in unity to ensure the nation's long-term stability and work towards comprehensive national development.

We are currently making arrangements to successfully hold a free and fair election, which is aligned with the objective of the State Administration Council. Therefore, it is necessary for the people to cooperate in unity, with a spirit of patriotism, national solidarity, and union spirit, to ensure the success of a fair and free election.

As citizens of the Republic of the Union of Myanmar, all ethnic groups aspire to live in peace, stability, and prosperity. To fulfill this aspiration, it is essential to ensure social harmony, the rule of law, economic development, and livelihood

See Page - 19

From Page - 18

security. While the agriculture and livestock sectors, which involve all Myanmar citizens, are being modernized, efforts are also being made to develop other economic sectors comprehensively. Since it is necessary to further enhance small, medium, and micro enterprises (MSMEs) based on agriculture and livestock, priority is being given to their success. Therefore, ethnic groups in Shan State, who have a strong foundation and tradition in agriculture and livestock, are encouraged to make greater efforts in these sectors.

For the construction of a modern, developed nation based on democracy and a federal system, it is essential for all ethnic citizens, including young people, to excel in knowledge and skills. At the same time, they must also develop the ability to think critically and make fair, rational decisions. The government is implementing a comprehensive education system to produce highly skilled and competent human resources necessary for the Union. Efforts are being made to ensure access to education in rural and border areas. Therefore, we encourage collective cooperation with the state to expand educational opportunities for all.

Programmes are being implemented to nurture well-rounded and capable young individuals. Just as educational development is crucial for the progress of society and the economy, health and well-being are equally important. Therefore, the government is prioritizing efforts to build a healthy and strong society. In particular, to promote health and a strong sports culture among young people, we urge ethnic communities to collaborate with the State in these efforts.

In conclusion, on the occasion of **"Shan State Day,"** which laid the foundation for a peaceful and prosperous Union and strengthened national unity, I urge all ethnic national brethren residing in Shan State to uphold the spirit of the Union established in 1947. By doing so, let us work together hand in hand with the government and the armed forces to build a peaceful, prosperous, and modern nation.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# More than 1,400 acres of winter sesame grown in Mawlaik District

MAWLAIK February 6

Statistics of Mawlaik District Department of Agriculture mentioned that local farmers have so far planted 1,406 acres of winter sesame in Mawlaik District of Sagaing Region.

The district earmarked 1,511 acres of winter sesame but farmers have grown 915 acres of winter sesame in Mawlaik Township and 491 acres in Phaungpyin Township, totalling 1,406 acres.

Daw Kywe Kywe Hlaing, Head of Mawlaik District Department of Agriculture explained: "Farmers have planted 1,406 acres of winter sesame against the target of 1,511 acres. They are trying to meet the target cultivation. Sown acreage of sesame is on the rise yearly. Local farmers prefer to grow sesame in winter rather than monsoon."

In 2024-2025 cold season, Mawlaik Township earmarked 953 acres of winter sesame and Phaungpyin Township 558 acres, totalling 1,511 acres.

Agricultural officials helped local farmers expand sown acreage of sesame and use GAP system for production of quality high yield crops.

The crops produced in GAP system can fetch good prices and market shares at home and abroad.

So, the farmers applying GAP system in their agricultural tasks can have improved socio-economic life.

**SMK**

# More than 97,000 acres of monsoon paddy harvested in Myaungmya Township

MYAUNGMYA February 6

A total of 97,542 acres of monsoon paddy has been harvested in Myaungmya Township of Ayeyawady Region, said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

Local authorities earmarked cultivation of 165,738 acres of monsoon paddy this year but local farmers have so far harvested 97,542 acres of paddy against the target cultivation.

Daw Khin Htay Myint said: "Local farmers have harvested 97,542 acres of monsoon paddy against the target of 165,738 acres. Our department helped local farmers meet the target cultivation."

Paddy yields 98.13 baskets per acre. Local farmers cultivated Theehtetyin, Thai Baygya, GW-1, GW-11 and other paddy strains.

**SK**

## State Administration Council

## Press Release

## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Panama Canal authority denies offering free transit to U.S. gov't vessels



PANAMA CITY February 6

The Panama Canal Authority denied reports on Wednesday that it would allow U.S. government vessels to transit the canal for free, clarifying that no changes have been made to tolls or fees.

"In response to a publication issued by the U.S. Department of State, the Panama Canal Authority, which is authorized to set tolls and other fees for transiting the Canal, announces that it has not made any adjustments to these fees," the agency said in a statement.

"With absolute responsibility, the Panama Canal Authority, as it has indicated, is willing to establish a dialogue with the pertinent officials of the United States with respect to the transit of U.S. warships," the statement added.

The U.S. Department of State stated on Wednesday that Panama agreed to waive fees for U.S. government vessels.

"U.S. government vessels can now transit the Panama Canal without charge fees, saving the U.S. government millions of dollars a year," the department said in a post on social media X. **Xinhua**

# Israel withdraws from UN human rights body

JERUSALEM February 6

Israeli Foreign Minister Gideon Sa'ar informed the United Nations Human Rights Council (UNHRC) on Thursday that Israel will no longer participate in it.

Israel's move came two days after U.S. President Donald Trump announced his country's withdrawal from the top UN human rights body.

Sa'ar wrote to UNHRC President Jurg Lauber that "the decision was reached in light of the ongoing and unrelenting institutional bias against Israel in the Human Rights Council, which has been persistent since its inception in 2006."

Sa'ar mentioned that the council "has become a political tool and a convenient platform, cynically used to advance certain political aims, to bash and delegitimize Israel."

He claimed that Israel has been subject to over 20 percent of all condemnatory resolutions ever passed in the council, "more than (those) against Iran, Cuba, North Korea, and Venezuela, combined."

He added that since October 7, 2023, "the council has employed every platform to spread misinformation and blood libels against Israel."

The Israeli minister wrote on social media platform X that "joining President Trump's just decision, Israel will no longer tolerate the council's blatant antisemitism." **Xinhua**

# IAF Mirage 2000 fighter jet crashes in India's Madhya Pradesh

NEW DELHI February 6

A twin-seater Mirage 2000 fighter aircraft of the Indian Air Force (IAF) crashed Thursday while on a routine training sortie in the central Indian state of Madhya Pradesh, police said.

Both pilot and co-pilot ejected safely before it crashed in an agricultural field.

The aircraft crashed near Sunari Chowki in Shivpuri district, about 384 km north of Bhopal, the capital city of Madhya Pradesh.

Local media reports said the pilots have suffered injuries.

Television images showed the jet in flames and columns of thick black smoke going up in the sky.

The cause of the crash is currently unknown. The IAF has initiated an inquiry to determine the factors that led to the incident. **Xinhua**



# Palestine not investment project, its lands not for sale - Palestinian President's Office

CAIRO February 6

Palestine is not an investment project, its lands are not subject to sale, Palestinian presidential spokesman Nabil Abu Rudeineh said on Thursday.

On Tuesday, US President Donald Trump called Gaza a "demolition site" and suggested that Palestinians have no choice, adding that he would like to see Jordan and Egypt take in the Palestinians from the Gaza Strip. Trump also said that the US would "take over" Gaza and be responsible for reconstruction work in the region.

"Palestine with its lands, history and holy places is not for sale and is not an investment project," Abu Rudeineh was quoted as saying by the WAFA news agency. **Sputnik**

# Iran condemns U.S. plan to control Gaza, relocate Palestinians

TEHRAN February 6

Iran's Foreign Ministry Spokesman Esmaeil Baghaei has strongly condemned U.S. President Donald Trump's plan to take control of Gaza and relocate Palestinians from the coastal enclave.

He made the remarks in a statement released by the ministry Wednesday night, one day after Trump said at a joint press conference alongside Israeli Prime Minister Benjamin Netanyahu that the United States would "take control of the Gaza Strip," move Palestinians to neighboring countries, and redevelop the coastal enclave.

Baghaei said that expressing such a thought was "astonishing and in line with Israel's targeted plan to completely eliminate the Palestinian nation," adding that the "claim of planning to own the Gaza Strip is an unprecedented violation against all the fundamental principles of international law and the United Nations (UN) Charter."

The plan should be "completely rejected and condemned" due to its obvious contradiction with the inalienable principles and rules of international law and human rights, he said.

He called on the international community and the UN to decisively condemn the U.S. plan and position, and help restore the Palestinian people's right to self-determination and free them from occupation. **Xinhua**

# The state actively cracking down on online fraud and online gambling occurring in border areas and continues to transfer undocumented individuals entering Myanmar to their respective countries



Undocumented migrants to Myanmar are being handed over in accordance with rules and regulations.

NAY PYI TAW February 6

The government is prioritizing national stability and rule of law while taking stringent measures against those exploiting the situation in certain border areas. Some foreign nationals, in collaboration with individuals seeking personal gain—including members of ethnic armed organizations (EAOs) and related entities—are widely engaging in online fraud and online gambling. Consequently, the government is focusing on identifying and deporting such individuals.

Upon conducting investigations on foreigners unlawfully entering Myanmar, it was discovered that most of them had passed through neighbouring countries, including Thailand, before entering Myanmar's borders for illegal work. Although they entered the country unlawfully, the government, considering humanitarian concerns and friendly international relations, is processing their deportation in accordance with the law.

As part of these efforts, a total of 61 foreign nationals—comprising 39 Chinese nationals, one Kazakh national, five Indonesian nationals, one Ethiopian national, one Pakistani national, one Malaysian national, and 13 Indian nationals—were found to have been victims of human trafficking. They had been coerced into participating in online fraud and online gambling operations within the Myawady-Shwe Kokko and KK Park areas of Kayin State. Following necessary investigations, these individuals were officially transferred to Thai authorities at the Myanmar-Thailand Friendship Bridge No. 2 at approximately 1:30 pm today, in accordance with standard procedures.

According to investigations into their incidents, it was learnt that they were lured online with high-paying computer and translation jobs as incentives and then arrived at Bangkok, Thailand, from their relevant countries before continuing to Thai border town Mae Sot initially and later being trafficked into and forced to work in online scam and gambling operations in Myawady-Shwe Kokko and KK Park areas by agents of illegal Kyar Phyant operations by illegally crossing the Thaung Yin River.

The government has been cooperating with international organizations including neighbouring countries to expose and resolutely take action against those who operate or are involved in online scam and gambling and has been offering necessary assistance to victims. Regional organizations, neighbouring countries and citizens are required to cooperate in cracking down on online scams and gambling as a national duty by reporting information about the issues to relevant authorities as soon as possible if they receive such information.

100




Undocumented migrants to Myanmar are being handed over in accordance with rules and regulations.


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## Artificial Intelligence (AI) Technology

မောင်သုတ

# တောင်ကိုရီးယားဝန်ကြီးဌာနအချို့က DeepSeek အသုံးပြုမှုကို တားမြစ်




တောင်ကိုရီးယားနိုင်ငံရှိ ဝန်ကြီးဌာနအချို့သည် ၎င်းတို့၏ကွန်ပျူတာများတွင် တရုတ်နိုင်ငံမှ ထုတ်လုပ်ထားသည့် DeepSeek model အသုံးပြုမှုကို တားမြစ်ပိတ်ပင်လိုက်ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ဖေဖော်ဝါရီလ ၆ ရက်တွင် ဖော်ပြခဲ့သည်။

DeepSeek အသုံးပြုမှုကို တားမြစ်လိုက်သည့် ဝန်ကြီးဌာနများတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ပါဝင်ပြီး ၎င်းတို့အနေဖြင့် DeepSeek model ကို တောင်ကိုရီးယားပြည်တွင်းနှင့် ပြည်ပနိုင်ငံများ၌ အသုံးပြုရာတွင်နည်းပညာဆိုင်ရာအခက်အခဲများနှင့် ကြုံတွေ့ခဲ့ရပြီးနောက် ၎င်းအားအသုံးပြုခြင်းကို ပိတ်ပင်တားမြစ်လိုက်ခြင်းဖြစ်သည်။

ထို့ပြင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့်လည်း ပြင်ပကွန်ရက်များနှင့် ချိတ်ဆက်ထားသည့် ကွန်ပျူတာများပေါ်တွင် DeepSeek model အသုံးပြုခြင်းအား တားဆီးပိတ်ပင်ရန်စီစဉ်လျက်ရှိကြောင်း အဆိုပါဝန်ကြီးဌာနမှအမည်မဖော်လိုသူ အရာရှိတစ်ဦးကပြောသည်။


DeepSeek model အား ဝန်ကြီးဌာနများရှိကွန်ပျူတာများတွင် အသုံးပြုခြင်းကို တားမြစ်ရခြင်းသည် AI ဝန်ဆောင်မှုများမှတစ်ဆင့် တောင်ကိုရီးယားနိုင်ငံ၏ အရေးကြီးသတင်းအချက်အလက်များ ပေါက်ကြားခြင်းကို ရှောင်ရှားရန်ဆန္ဒရှိသောကြောင့်ဖြစ်သည်။

ထို့ပြင် မြောက်ကိုရီးယားနှင့် ဆက်ဆံမှုလုပ်ဆောင်နေရသည့် ဝန်ကြီးဌာနတစ်ခုဖြစ်သည့် တောင်ကိုရီးယားပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနတွင်လည်း AI ကွန်ရက်များအသုံးပြုခြင်းကို ၂၀၂၃ ခုနှစ်ကတည်းက တောင်ကိုရီးယားအစိုးရက တားဆီးပိတ်ပင်ထားပြီးဖြစ်သည်။

DeepSeek ထုတ်လုပ်သူများသည် ChatGPT ၏ AI အချက်အလက်များအတွင်းသို့ တရားမဝင်ဝင်ရောက်၍ ၎င်းတို့၏ကိုယ်ပိုင် AI အချက်အလက်များအား လေ့ကျင့်ရန်အတွက် AI ကွန်ရက်ကိုအသုံးပြုခဲ့သည်ဟုစွပ်စွဲမှုများ ထွက်ပေါ်လာခြင်းကြောင့် အမေရိကန်အစိုးရ၊ ပြည်ထောင်စု ထောက်လှမ်းရေးဗျူရို (FBI)၊ OpenAI နှင့် Microsoft တို့က DeepSeek ကုမ္ပဏီအား စတင်စုံစမ်းစစ်ဆေးခဲ့ကြောင်း Bloomberg သတင်းအေဂျင်စီက ဇန်နဝါရီလ ၃၁ ရက်တွင် ဖော်ပြခဲ့သည်။

**Ref: Izvestia**

# အနောက်နိုင်ငံများအပေါ် နည်းပညာမှီခိုမှုကို လျှော့ချရန်အတွက် အိန္ဒိယက ကိုယ်ပိုင် AI chip ထုတ်လုပ်မည်



အနောက်နိုင်ငံမှ နည်းပညာများအပေါ် အမှီသဟဲပြုနေရခြင်းကို လျှော့ချနိုင်ရန်အတွက် အိန္ဒိယနိုင်ငံက ၎င်းတို့၏ကိုယ်ပိုင် AI chip များကို ထုတ်လုပ်မည်ဟု တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကား၍ Mint သတင်းစာတွင်ဖော်ပြထားသည်။

ကိုယ်ပိုင် AI chip များ ထုတ်လုပ်နိုင်ရန်အတွက် အိန္ဒိယအီလက်ထရွန်နစ်နှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးဌာန (Meity) က နိုင်ငံပိုင်အိုင်တီနှင့် ကွန်ပျူတာစင်တာများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါစင်တာများတွင် အဆင့်မြင့်ကွန်ပျူတာနည်းပညာဖွံ့ဖြိုးရေးစင်တာ (C-DAC) လည်း ပါဝင်လျက်ရှိသည်။

လက်ရှိတွင် AI နည်းပညာကဏ္ဍ၌ အမေရိကန်ပြည်ထောင်စုသည် ထိပ်တန်းမှ ရပ်တည်နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး Nvidia ကုမ္ပဏီမှ ထုတ်လုပ်သည့် chip များကို ChatGPT ကဲ့သို့သော AI model တွင် အသုံးပြုလျက်ရှိသည်။

ထို့ပြင် အမေရိကန်တို့သည် တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးတွင် လွှမ်းမိုးထားနိုင်သည့်အပြင် ကမ္ဘာပေါ်တွင်တစ်ပိုင်းလျှပ်ကူးပစ္စည်းများ တင်ပို့ရောင်းချရာမှ ရရှိသည့် ငွေကြေး စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို လက်ခံရရှိနေသည်ဟု သုတေသနအဖွဲ့ကြီးတစ်ခုဖြစ်သည့် Gartner ကဖော်ပြခဲ့သည်။

သို့သော် အမေရိကန်အစိုးရသည် မကြာသေးမီကပင် တရုတ်နိုင်ငံ၏ နည်းပညာတိုးတက်မှုများကို ထိန်းချုပ်နိုင်ရန်အတွက် AI chip များ တင်ပို့ရောင်းချခြင်းအပေါ် ကန့်သတ်လိုက်သည့်အပြင် Nvidia ကဲ့သို့သော နည်းပညာကုမ္ပဏီများအပေါ်တွင်လည်း စည်းမျဉ်းစည်းကမ်းများ တင်းကျပ်ခဲ့သည်။

ထို့ကြောင့် အိန္ဒိယနိုင်ငံ၏ ယခုလုပ်ဆောင်မည့် ကနဦးဆောင်ရွက်ချက်သည် ကိုယ်ပိုင် AI chip များကို ထုတ်လုပ်၍ အခြားနိုင်ငံများအပေါ် အမှီသဟဲပြုနေရသည့်အခြေအနေကို ပြောင်းလဲပစ်ရန် ကြိုးပမ်းခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် ၎င်းတို့၏ကိုယ်ပိုင် AI chip များကို လာမည့် ၂၀၂၇ ခုနှစ်တွင် ထုတ်လုပ်နိုင်ရန် ရည်ရွယ်ထားပြီး ထိုသို့လုပ်ဆောင်နိုင်ရန်အတွက်လည်း အမေရိကန်နည်းပညာကုမ္ပဏီကြီးများနှင့် တရုတ် (တိုင်ပေ)မှ တစ်ပိုင်းလျှပ်ကူးပစ္စည်းထုတ်လုပ်ရေးကော်မတီ (TSMC) တို့က အကြံဉာဏ်များပေးအပ်လျက်ရှိသည်။

**Ref: RT**

# အမေရိကန်က USAID အဖွဲ့အတွက် ၉ နှစ်ကျော်အတွင်း ဒေါ်လာ ၃၃၀ ဘီလီယံကျော် အသုံးပြုခဲ့




ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်ပြည်ထောင်စုသည် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဌာန (USAID) အဖွဲ့အတွက် ၉ နှစ်ကျော်အတွင်း ဒေါ်လာ ၃၃၀ ဘီလီယံကျော်အသုံးပြုခဲ့ကြောင်း မီဒီယာတစ်ခုက ဖေဖော်ဝါရီလ ၆ ရက်တွင် ဖော်ပြသည်။

အမေရိကန်အစိုးရသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ အဆိုပါငွေကြေးများကို အသုံးပြုခဲ့ခြင်းဖြစ်ပြီး ယင်းပမာဏသည် ၂၀၂၄ ခုနှစ်အတွက် နိုင်ငံတော်အသုံးစရိတ်၏ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

အမေရိကန်သမ္မတများအနက် ဒီမိုကရက်များသည် ရီပတ်ဘလစ်ကန်များနှင့် နှိုင်းယှဉ်ပါက USAID အဖွဲ့အား ငွေကြေးထောက်ပံ့မှုပိုမိုလုပ်ဆောင်ခဲ့ပြီး ယခင်သမ္မတဟောင်း ဘားရက်အိုဘားမား လက်ထက်၂၀၁၆ ခုနှစ်တွင် USAID အတွက် အသုံးစရိတ်အဖြစ် ဒေါ်လာ ၅၀ ဒသမ ၃ ဘီလီယံ၊ ဂျိုးဘိုင်ဒင်လက်ထက်တွင်မူ တစ်နှစ်လျှင် ဒေါ်လာ ၃၇ ဒသမ ၄ ဘီလီယံမှ ၅၀ ဘီလီယံအထိ အသုံးပြုခဲ့သော်လည်း ဒေါ်နယ်ထရမ့်လက်ထက်တွင် ဒေါ်လာ ၂၅ ဒသမ ၅ ဘီလီယံမှ ၂၆ ဒသမ ၇ ဘီလီယံအထိသာ အသုံးပြုခဲ့ကြောင်းသိရသည်။

USAID အဖွဲ့သည် အမေရိကန်ပြည်သူများ၏ အခွန်ဘဏ္ဍာများကို အသုံးပြု၍ ဇီဝလက်နက်များ ထုတ်လုပ်ရန် သုတေသနလုပ်ဆောင်လျက်ရှိသည်ဟု ပြောဆိုမှုများထွက်ပေါ်လာပြီးနောက်ပိုင်း အငြင်းပွားဖွယ်အကြောင်းရင်းများကြောင့် USAID အဖွဲ့၏လုပ်ဆောင်ချက်များကို ထရမ့်အစိုးရက ဖေဖော်ဝါရီလ ၃ရက်မှစ၍ ရပ်ဆိုင်းခဲ့ပြီး ဝါရှင်တန်မြို့ရှိ ရုံးချုပ်ကိုလည်းပိတ်ပစ်ခဲ့သည်။ ထို့ပြင် USAID အဖွဲ့က လုပ်ဆောင်နေသည့် အစီအစဉ်များကိုလည်း သမ္မတထရမ့်က ရက်ပေါင်း ၉၀ ကြာရပ်ဆိုင်းခဲ့ကြောင်းသိရသည်။

Ref: Izvestia

# ယူကရိန်းသို့ စစ်လေယာဉ်များပေးပို့ခြင်းက ခေတ်နောက်ကျနေသည့် တိုက်လေယာဉ်များအား အခမဲ့ဖယ်ရှားဖျက်ဆီးခြင်းဖြစ်ဟုဆို



မော်စကို၊ စစ်ရေး

ပြင်သစ်နိုင်ငံက ယူကရိန်းနိုင်ငံသို့ စစ်လေယာဉ်များပေးပို့လိုက်ခြင်းသည် ခေတ်နောက်ကျနေသည့် တိုက်လေယာဉ်နှင့် လက်နက်များအား အခမဲ့ဖယ်ရှားဖျက်ဆီးခြင်းဖြစ်ကြောင်း ပြင်သစ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်က ဖေဖော်ဝါရီလ ၆ ရက်တွင် ပြောသည်။

ထို့ပြင် အနောက်နိုင်ငံများသည် ၎င်းတို့၏ကိုယ်ကျိုးအတွက် ယူကရိန်းသို့ အခြားစစ်လက်နက်များကိုလည်း ပေးပို့လျက်ရှိကြောင်း ရုရှားသံအမတ်အလက်ဆီ မက်ရှကော့က ပြောကြားခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသည် ၎င်းတို့၏ Mirage 2000 ဘက်စုံသုံး တိုက်လေယာဉ်များကို ယူကရိန်းနိုင်ငံသို့ ပေးပို့ခြင်းသည် ခေတ်မမီတော့သည့် စစ်လက်နက်များအား အဖိုးအခပေးရန်မလိုဘဲ ဖယ်ရှားရှင်းလင်းနိုင်သည့် ဥပမာတစ်ရပ်ဖြစ်ကြောင်း မက်ရှကော့က ဆက်လက်ပြောကြားသည်။

ထို့ပြင် ခေတ်နောက်ကျနေသည့် အနောက်နိုင်ငံများ၏ စစ်လက်နက်များကို ဖယ်ရှားရှင်းလင်းခြင်းသည် ငွေကြေးကုန်ကျမှုများပြားကြောင်း၊ ထို့ကြောင့် ပြင်သစ်အနေဖြင့် ယူရိုသန်းပေါင်းများစွာ တန်ဖိုးရှိ စစ်ရေးအကူအညီအဖြစ် အဆိုပါ ခေတ်နောက်ကျနေသည့် တိုက်လေယာဉ်များကို ယူကရိန်းသို့ပေးပို့ခြင်းဖြစ်ကြောင်း မက်ရှကော့၏ပြောကြားချက် အရသိရသည်။

ပြင်သစ်နိုင်ငံမှ ယူကရိန်းသို့ ပထမအသုတ်ဖြင့် ပေးပို့လိုက်သည့် Mirage 2000 ဘက်စုံသုံး တိုက်လေယာဉ်များသည် ယူကရိန်းသို့ ရောက်ရှိသွားပြီဖြစ်ကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီးဌာန အကြီးအကဲ ဆာဘေးရှန်း လီကောနုက ဖေဖော်ဝါရီလ ၆ ရက်အစောပိုင်းတွင် ပြောကြားခဲ့သည်။

အဆိုပါတိုက်လေယာဉ်များကိုပြင်သစ်က လေ့ကျင့်သင်ကြားပေးထားသည့်ယူကရိန်းလေယာဉ်မှူးများက မောင်းနှင်သွားခြင်းဖြစ်ကြောင်း လီကောနုက ဆက်လက်ပြောကြားထားသည်။

ယူကရိန်းသို့ တိုက်လေယာဉ်များပေးအပ်မည့်အစီအစဉ်ကို ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်က ၂၀၂၄ ခုနှစ် ဇွန်လတွင် ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: Izvestia

# အစ္စရေးက လူ့အခွင့်အရေးကောင်စီတွင် ပါဝင်တော့မည်မဟုတ်ဟု အစ္စရေးနိုင်ငံခြားရေးဝန်ကြီးပြော



ဂျေရုဆလင်၊ နိုင်ငံရေး

အစ္စရေးနိုင်ငံသည်ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် ပါဝင်တော့မည်မဟုတ်ဟု ယင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဂိဒုန်ဆား ပြောကြားခဲ့ကြောင်းသိရသည်။

ထို့ပြင် အစ္စရေးနိုင်ငံအနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ အမေရိကန်ပြည်ထောင်စု နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့သည့် သမ္မတဒေါ်နယ်ထရမ့်၏ ဆုံးဖြတ်ချက်ကိုကြိုဆိုကြောင်း၊ အစ္စရေးနိုင်ငံအနေဖြင့်လည်း အမေရိကန်နိုင်ငံနှင့်အတူ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် ပါဝင်မည်မဟုတ်ဟု ဂိဒုန်ဆားက ဖေဖော်ဝါရီလ ၅ ရက်တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ အစ္စရေးအပေါ် ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်များကိုလည်း လက်ခံမည်မဟုတ်ဘဲ ထိုသို့လုပ်ဆောင်ခြင်းသည် ခွဲခြားဆက်ဆံခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်ကြောင်း အမိန့်ကြေညာချက်ကို အမေရိကန်သမ္မတ ထရမ့်က ဖေဖော်ဝါရီလ ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ အေဂျင်စီ(UNRWA)သို့ ရန်ပုံငွေထောက်ပံ့မှုရပ်တန့်ရေး သက်တမ်းတိုးရန်အတွက်လည်း အမိန့်ပေးအပ်ခဲ့ကြောင်းသိရသည်။

Ref: Xinhua

# ယူကရိန်းက နေတိုးအဖွဲ့ဝင်အဖြစ်ပါဝင်ရန်ကြိုးပမ်းမှုအပေါ် ထရမ့်၏ ရပ်တည်ချက်ကို ကြိုဆိုဟု ရုရှားပြောကြား



မော်စကို၊ နိုင်ငံရေး

ယူကရိန်းနိုင်ငံက နေတိုးအဖွဲ့ဝင်အဖြစ်ပါဝင်ရန်ကြိုးပမ်းမှုအပေါ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ရပ်တည်ချက်ကို ရုရှားက ကြိုဆိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ကပြောသည်။

ယူကရိန်းနိုင်ငံက နေတိုးအဖွဲ့သို့ဝင်ရောက်မည့်အစီအစဉ်ကို ထောက်ခံခြင်းသည် မှားယွင်းသည်ဟုဝန်ခံပြောကြားသည့် ပထမဆုံးသော အနောက်နိုင်ငံမှ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ၎င်း၏ရပ်တည်ချက်၊ သဘောထားကို ရုရှားကကြိုဆိုကြောင်း လက်ရော့က ဖေဖော်ဝါရီလ ၅ ရက်တွင် ပြောကြားခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည်နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် မပါဝင်သင့်ဟူသော ရုရှားအစိုးရ၏ရပ်တည်ချက်ကိုနားလည်ကြောင်း ထရမ့်က ပြီးခဲ့သည့်လအတွင်းက ဖလော်ရစ်ဒါပြည်နယ်၌ သတင်းထောက်များကို ပြောကြားခဲ့သည်။

ထို့ပြင်ရုရှား၏အနေအထားနှင့်ရပ်တည်မှုကို ရှေးယခင်ကတည်းက ဖော်ပြထားပြီးဖြစ်ကြောင်း၊ သို့သော် ယင်းအချက်ကို သမ္မတဟောင်း ဂျိုးဘိုင်ဒင်က လျစ်လျူရှုခဲ့ခြင်းကြောင့် လက်ရှိဖြစ်ပွားနေသည့် ယူကရိန်းပဋိပက္ခစတင်ခဲ့ခြင်းဖြစ်သည်ဟု ထရမ့်က ဆက်လက်ပြောကြားသည်။

ယူကရိန်းနိုင်ငံက နေတိုးတပ်ဖွဲ့ဝင်အဖြစ်ပါဝင်ရန်ကြိုးပမ်းခြင်းသည် အဓိကမှားယွင်းမှုတစ်ရပ်ဖြစ်ကြောင်းကို ထရမ့်က ရှင်းလင်းစွာပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အကယ်၍ အမေရိကန်ပြည်ထောင်စု၌ လွန်ခဲ့သည့် နှစ်များအတွင်း ထရမ့်သာ သမ္မတအဖြစ်ထမ်းဆောင်ခဲ့မည်ဆိုပါက ယူကရိန်းပဋိပက္ခဖြစ်ပွားမည်မဟုတ်ဟု လက်ရော့က ပြောကြားခဲ့ကြောင်းသိရသည်။

Ref: RT

## သတင်းတိုကဏ္ဍ

### ကိုကင်းက ဝီစကီထက် ဆိုးရွားခြင်းမရှိကြောင်း ကိုလံဘီယာသမ္မတပြော

ကိုကင်းသည် ဝီစကီအရက်ထက် ဆိုးရွားခြင်းမရှိကြောင်း ကိုလံဘီယာသမ္မတ ဂက်စတာဗို ပီထရိုက ပြောကြားခဲ့ကြောင်းသိရသည်။

ကိုကင်းသည် ဝီစကီထက်ဆိုးရွားခြင်းမရှိသော်လည်း ၎င်းအား လက်တင်အမေရိကန်ဒေသတွင် ထုတ်လုပ်ခြင်းဖြစ်သောကြောင့် တရားမဝင် မူးယစ်ဆေးဝါးအဖြစ် သတ်မှတ်ခံရခြင်းဖြစ်သည်ဟု ပီထရိုက ယခုရက်သတ္တပတ်အတွင်း ကျင်းပသည့် အစိုးရအဖွဲ့ဆွေးနွေးပွဲ၌ ပြောကြားခြင်းဖြစ်သည်။

၎င်း၏ အဆိုပါပြောဆိုချက်သည် ကိုလံဘီယာနှင့် အမေရိကန်တို့ကြား ပြည်နှင်ဒဏ်ပေးရေး မူဝါဒများနှင့်စပ်လျဉ်း၍ တင်းမာမှုမြင့်တက်နေစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသို့ တရားမဝင်ရွှေ့ပြောင်းသူများဝင်ရောက်လာခြင်းသည် မူးယစ်ဆေးဝါးနှင့် ဆက်နွှယ်လျက်ရှိသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စွပ်စွဲခဲ့သည်။ သို့သော်လည်း ယင်းစွပ်စွဲချက်ကို ပီထရိုက ပယ်ချထားပြီး ကိုကင်းသည် အမေရိကန်က အကြီးအကျယ်ထုတ်လုပ်တင်ပို့နေသည့် ဝီစကီအရက်ထက် ဆိုးရွားမှုမရှိဟု ရည်ညွှန်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref: RT

### ကာဇက်စတန်တွင် ဓာတ်ငွေ့များ တင်ဆောင်ထားသည့် မီးရထားတွဲ ၁၂ တွဲအား ခိုးယူသွားသူများကို ရဲတပ်ဖွဲ့ဖမ်းဆီး

ကာဇက်စတန်နိုင်ငံတွင် ဓာတ်ငွေ့များတင်ဆောင်ထားသည့် မီးရထားတွဲ ၁၂ တွဲအား ခိုးယူသွားသူများကို ရဲတပ်ဖွဲ့က ဖမ်းဆီးနိုင်ခဲ့ကြောင်း ယင်းနိုင်ငံပြည်ထဲရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၆ ရက်တွင် ထုတ်ပြန်သည်။

ဖမ်းဆီးခံရသူများမှာ အကိတိုဘေဒေသရှိ လုပ်ငန်းခွင်တစ်ခုမှ အလုပ်သမားများဖြစ်ပြီး ၎င်းတို့သည် နည်းပညာအကူအညီနှင့် တိုင်းတာရေးကိရိယာများကို အသုံးပြု၍ စာရင်းဖျောက်ကာ ဓာတ်ငွေ့တင်မီးရထားတွဲများကို ခိုးယူခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ရဲတပ်ဖွဲ့က အဆိုပါမီးရထားတွဲများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါမီးရထားတွဲများအား ခိုးယူရန်အတွက် အလုပ်သမားများက ကြိုတင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနကထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

Ref: Izvestia

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်


မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုဖူးမြော်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ရွှေရတနာပုံကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းခြင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်


ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ထားဝယ်မြို့နှင့်ကော့သောင်းမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုလည်း တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဂွမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေတစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

**နေပြည်တော် ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ဂွမြို့၏အနောက်တောင်ဘက် ရေမိုင် ၁၈ ဒသမ ၅ မိုင်အကွာ၌ **ရွှေကြယ်လင်း ၁** အမည်ရှိ ကုန်တင်လှေတစ်စင်းသည် လှိုင်းပုတ်၍ လှေဝမ်းပျဉ်ချပ်များပြုတ်ထွက်ပြီး ရေဝင်နစ်မြုပ်နေကြောင်း ဆက်သွယ်ရေးလေလှိုင်းမှသတင်းရရှိ၍ ယနေ့ နံနက် ၁ နာရီ ၂၅ မိနစ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရာ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေအနီးသို့ရောက်ရှိခဲ့ပြီး လှေပေါ်တွင်လိုက်ပါလာသော လှေသား ၅ ဦးအား ရေယာဉ်ပေါ်သို့ ကယ်ဆယ်တင်ဆောင်ကာ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့်စားသောက်ဖွယ်ရာများ ပေးအပ်၍ လှေသားများအား သက်ဆိုင်ရာသို့ စနစ်တကျလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)


တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များက ရေဝင်နစ်မြုပ်နေသော ကုန်တင်လှေတစ်စင်းအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။


တာဝန်ရှိသူများက လှေပေါ်တွင်လိုက်ပါလာသော လှေသား ၅ ဦးအား စားသောက်ဖွယ်ရာများကျွေးမွေးစဉ်။

# ဖျာပုံမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဆင- ရှမ်းကွင်းကြီး ကွန်ကရစ်လမ်းသစ်ဖွင့်

**ဖျာပုံ ဖေဖော်ဝါရီ ၆**


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် ကျုံတာကျေးရွာအုပ်စု ရှမ်းကွင်းကြီးကျေးရွာ၌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဆင- ရှမ်းကွင်းကြီးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါကျေးရွာ ကွန်ကရစ်လမ်းမုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းက ပဆင- ရှမ်းကွင်းကြီးလမ်း ကွန်ကရစ်လမ်းသစ် ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဆင-ရှမ်းကွင်းကြီးလမ်း ကွန်ကရစ်လမ်းသစ်အား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်၊ တိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးမင်းသိန်းနှင့်ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ပဆင- ရှမ်းကွင်းကြီးလမ်း ကွန်ကရစ်လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ပဆင-ရှမ်းကွင်းကြီးကွန်ကရစ်လမ်းသည် ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့သည့် လမ်းအရှည်သုည/၁ ဒသမ ၈၂ မိုင်၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းထု ၇ လက်မရှိ ကွန်ကရစ်လမ်းသစ်ကို ကျပ်သန်းပေါင်း ၉၂ ဒသမ ၈၈၀ သန်း အကုန်အကျခံကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ အဆိုပါကွန်ကရစ်လမ်းကြီး ပြီးစီးအောင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ရှမ်းကွင်းကြီးကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစသည့်ကိစ္စအဝဝကိုအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

နေကိုထိုက်

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



သီလဝါဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် ဖေဖော်ဝါရီ ၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဖေဖော်ဝါရီလ ၅ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၆) လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၇၆၉၄၆)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထီလုံ-ဘားအံလမ်းပေါ်ရှိတောင်ကလေးဘုန်းကြီးကျောင်းအနီး၌ မြဝတီမြို့မှမော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်(၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး၊ Isuzu Truck (၁)စီး၊ Hyundai Truck (၁)စီး နှင့် စက်မှုဇုန်ထုတ် Ngwe Ayar Truck (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကမ်းသာယာလမ်း၊ ကြက်ဒိုင်ဆိပ်အနီး မြစ်ကမ်းဘေး၌စုပုံထားသည့် အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့်မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၁၅၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီးနှင့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၃၀၁၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၅၀၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့၊ Denko ဆီဆိုင်အနီး၌ မော်တော်ယာဉ် (၂) စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၀၇၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck (၁)စီးနှင့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း၊ တံတားဦးအဝိုင်းအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၄၇၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်လမ်းခွဲ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၄၇၆၆၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့၊ ဒေါင်ဖန်းစက်ရုံအနီး၌ မော်တော်ယာဉ်(၁) စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၇၃၁၇၄၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ် (၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၉၈၄၄၁၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီလ ၅ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၈၀၂၂၆၀၆)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

# တောင်သာမြို့နယ်၊ ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော် ၁ ပါးနှင့် ပြည်သူ ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်ရှိ ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သံဃာတော် ၁ ပါးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာများအား ဥပဒေမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ခြိမ်းခြောက်စာများပေးပို့၍ ဆက်ကြေးကောက်ခံခြင်းများလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျလိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် ကျေးရွာ၊ ရပ်ကွက်များ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုမှအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

# အ.မ.က (တည်သီးပြင်)၌ အသိပညာပေး ဟောပြောပွဲ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

**သဲကုန်း ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယမန်နေ့က သဲကုန်းမြို့နယ် အခြေခံပညာမူလတန်းကျောင်း (တည်သီးပြင်)၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း(တည်သီးပြင်) ကျောင်းအုပ်ဆရာကြီး ဦးဝင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင့်နန္ဒာဌေးက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံစေရေး စာပေဖတ်ရှုရန် လိုအပ်ပုံ၊ စာပေဖတ်ရှုခြင်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံ၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အကျယ်တဝင့် ဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ပြည်ထောင်စုနေ့ အထိမ်းအမှတ်အကြို နံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ အဆိုပါဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒက္ခိဏသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာ ကွင်းအမှတ် (၁၈၁၇)တွင် နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ စိုက်ပျိုးရေပေးဝေရန်အတွက် မြေအောက်ရေစက်ရေတွင်းတူးဖော်မည့် နေရာအား ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ကွင်းအမှတ် (၁၈၁၇) အတွင်း ဆောင်းသီးနှံ နေကြာစိုက်ခင်းနှင့် မတ်ပဲသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ရန်အောင်မြင်ကျေးရွာ ကွင်းအမှတ်(၁၆၂၈)တွင် နေပြည်တော် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က စိုက်ပျိုးရေပေးဝေရန်အတွက် မြေအောက်ရေစက်ရေတွင်း တူးဖော်မည့်နေရာအား ကြည့်ရှုစစ်ဆေးပြီး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)များ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုအားပေးသည်။



ယင်းနောက်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး သီးထပ်စွမ်းအားများ တိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်း ထွက်ရှိရေး၊ ဆီထွက်သီးနှံများ အထွက်နှုန်းပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေး၊ သွင်းအားစုများကို သဘာဝမြေဩဇာများ တွင်ကျယ်စွာအသုံးပြုရေး၊ စိုက်ပျိုးမြေများကို စနစ်တကျပြုပြင်ပြီး စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေများ အလေအလွင့် မရှိစေရေး တောင်သူအသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရေးကိစ္စရပ်များကိုဆွေးနွေးပြောကြားကာ တက်ရောက်လာကြသူများ၏ တင်ပြချက်များကိုပေါင်းစပ်ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် လယ်ဝေးမြို့နယ် ပျံချီကျေးရွာရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပျံချီ)သို့ သွားရောက်၍ စက်မှုဘာသာရပ်၊ စိုက်ပျိုးရေးဘာသာရပ်နှင့် မွေးမြူရေးဘာသာရပ် များတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားနေမှု၊ ကျောင်းဝင်းအတွင်း သုံးထပ်ကျောင်းဆောင်သစ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၇-၂-၂၀၂၅ (သောကြာနေ့)**

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ စိုက်ပျိုးသုတ
၃။ ၀၉:၀၀ မြဝတီနေ့စဉ်သတင်း
၄။ ၁၀:၀၀ နိုင်ငံတကာသတင်း
၅။ ၁၁:၀၀ အတွေးအမြင်
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၄:၀၀ မြဝတီရုပ်မြင်သံကြား သတင်း
၈။ ၁၅:၀၀ ဇာတ်လမ်းတို
၉။ ၁၆:၀၀ မြဝတီနေ့စဉ်သတင်း
၁၀။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၁၁။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းညွှန်ကြပါစို့
၁၂။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ
၁၃။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း
**ကမ္ဘာတည်သရွေ့ တည်ရှိနေမည်ငါတို့ရဲ့အမွေ အပိုင်း(၁)**
**သရုပ်ဆောင် ဟိန်းကိုကိုကျော်၊ သဉ္ဇာမြင့်မိုရ်**

## အသိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀.၂.၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၁၂.၂.၂၀၂၅ ရက်နေ့တွင် ပြည်ထောင်စုနေ့သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှူပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့်ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**







## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပညိဿရာဘိဝံသ(နိုင်ငံတော်သြဝါဒါစရိယ)
## အဘိဓဇမဟာရဋ္ဌဂုရု
## သက်တော်(၉၀)၊ ဝါတော်(၇၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ကစင်(၂၃)ရပ်ကွက်၊ ရွှေလင်ဗန်းစက်မှုမြို့၊ သာသနဝ့ဂုဏ်ရည်ချမ်းသာကြီးကျောင်း၊ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် "ဘဒ္ဒန္တပညိဿရာဘိဝံသ(နိုင်ငံတော်သြဝါဒါစရိယ)" (အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိပိဋကပါဠိမြန်မာအဘိဓာန်၊ အင်္ဂုတ္တိုရ်ပါဠိတော်နိဿယ၊ မဟာဝဂ္ဂဋီကာနိဿယကျမ်းပြု၊ သကျသီဟာဓမ္မာစရိယ၊ သီရိပဝရဓမ္မာစရိယ၊ အဘိဓမ္မပါဠိပါရဂူ)သည် ၄-၂-၂၀၂၅ ရက်(အင်္ဂါနေ့) နံနက် ၁၀:၁၅ နာရီတွင် ပျံလွန်တော်မူသွားပါသဖြင့် ၅-၂-၂၀၂၅ ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် စံကျောင်းချပြီးဖြစ်ပါ၍ ၁၅-၂-၂၀၂၅ ရက်(စနေနေ့) မွန်းလွဲ ၁:၀၀ နာရီတွင် အန္တိမဈာပနပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

သာသနဝ့ဂုဏ်ရည်ချမ်းသာကြီးကျောင်းတိုက်
အန္တိမဈာပနကျင်းပရေးကော်မတီ

### ပျောက်ဆုံးကြောင်း
အိဖြူဝင်း(ဘ)ဦးဝင်းဘို ၉/ဇယသ(နိုင်)၀၁၄၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၄၄၂၉၆၆

### ပျောက်ဆုံးကြောင်း
အောင်ပြည့်(ဘ)ဦးဝင်းကြည် ၁၄/သပန(နိုင်)၁၁၁၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဆီဆိုင်မြို့နယ်၊ ဥယျာဉ်ရှေ့ရပ်ဟန်းယဉ်အုပ်စုနေ ဦးကျော်သူ(ဘ)ဦးလှိုအမ်းဆုံ ၁၃/ဆဆန(နိုင်)၀၄၄၈၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၈၇၇၀၆၆၈

### ပျောက်ဆုံးကြောင်း
ကျားကျားသွယ်(ဘ)ဦးကျောက်ကွင်း ၈/ပခက(နိုင်)၂၀၉၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 784587)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၂၄၉၉၁၈၁

### ပျောက်ဆုံးကြောင်း
ယဉ်ယဉ်နု(ဘ)ဦးတင်ဦး ၁၂/မရက(နိုင်)၀၀၃၉၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၂၀၀၆၀၈

### ပျောက်ဆုံးကြောင်း
ခင်ဝင်း(ဘ)ဦးငွေဆိုင် ၁၂/ဥကတ(နိုင်)၀၈၀၇၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 337324)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၃၃၄၅၅၀၁

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရွှေတမာလမ်း၊ (ဘ)ဦးခင်မောင်မျိုးလွင် ၇/ရတန(နိုင်)၀၇၈၈၇၂၊ (အမိ)ဒေါ်နှင်းရီ ၇/ရတရ(နိုင်)၁၄၆၂၇၀ တို့၏သမီးဖြစ်သူ မဖွေးဖွေး ၇/ရတန(နိုင်)၁၅၆၂၆၁ သည် မိဘနှစ်ပါးအား ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မောင်မျိုးလွင်-ဒေါ်နှင်းရီ

"Earth Bio-Energy Development Co.,Ltd"
## မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇၊ ပုဒ်မ ၁၅၂
## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ ၃၄၅၊ ပုဒ်မ ၂၅၀ တို့အရ
## ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်ကြော်ငြာခြင်း။

၁။ "Earth Bio-Energy Development Co.,Ltd" ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန်(၁၇-၁-၂၀၂၅)ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးစိန်ကျော်ဝင်း(B.Com, C.P.A)၊ အမှတ်(၁၉၆/ခ)၊ စပယ်ခြံ(၄)လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၄-၂-၂၀၂၅)ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါတရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးမြင့်ဆွေ | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| Earth Bio-Energy Development | စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ |
| Co.,Ltd ၏ဒါရိုက်တာအဖွဲ့ကိုယ်စား | ဖုန်း-၀၉-၅၁၂၅၉၈၅ |

### ပျောက်ဆုံးကြောင်း
မောင်မောင်မြင့်(ဘ)အဗ္ဗဒူဂျဘား(ခ)ဦးတင်မောင် ၈/ရနခ(နိုင်)၀၆၄၃၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

### ပျောက်ဆုံးကြောင်း
နိုင်ထွန်းအောင်(ဘ)ဦးဝင်းမြင့်ဦး ၁၄/သဝခ(နိုင်)၀၁၂၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၄၄၂၉၆၆

### ပျောက်ဆုံးကြောင်း
ညီညီရှိန်(ဘ)ဦးသိန်းဇော် ၁၂/ကမန(နိုင်)၁၃၅၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
မောင်ဝေယံ(ဘ)ဦးအေးမင်း ၁၂/ဒဂတ(နိုင်)၀၉၈၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
လင်းလင်းထက်(ဘ)ဦးအေးဝင်း ၃/မဝတ(နိုင်)၀၆၂၀၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 179604)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၈၅၈၈၆၀

## အလိမ္မာစာမှာရှိ

### ပျောက်ဆုံးကြောင်း
စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ မြတ်ကျော်ထူး(ဘ)ဦးမြထူး ၁၁/စတန(နိုင်)၀၇၁၅၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (694714)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၆၀၆၁၀

### ပျောက်ဆုံးကြောင်း
ပန်းတောင်းမြို့နေ ကြည်ကြည်ဝင်း(ဘ)စိုးဝင်း ၇/ပတန(နိုင်)၁၂၅၄၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ကဝမြို့နယ်နေ ဇာဇာဝင်း(ဘ)ဦးတင်ဝင်း ၇/ကဝန(နိုင်)၁၇၅၅၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပန်းတောင်းမြို့နေ အိအိခိုင်(ဘ)ဦးတင်နိုင် ၇/ပတန(နိုင်)၁၃၆၁၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၆)မိုင်ခွဲ၊ ဓမ္မာရုံး၊ Royal Maung Bama Condo၊ Room 3F နေ (ဘ)ဦးဝင်းထွဋ်တင်၏သမီးဖြစ်သူ မယွန်းသဒ္ဒါအိမ် @Julia အား မယွန်းအမာရာချို @Amara ဟု ပြောင်းလဲခေါ်ဆိုပါရန်။
မယွန်းအမာရာချို@Amara

## (အစုရှင်များ၏ဆန္ဒအလျောက် ဖျက်သိမ်းဆဲကုမ္ပဏီ)
## Final Meeting - နောက်ဆုံးအစည်းအဝေးဖိတ်ကြားခြင်း

မြန်မာနိုင်ငံလူမှုခံယူခြင်းဆိုင်ရာဥပဒေအရ A G Sun Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၀၉၂၈၈၃၈၁/(၁၂-၁၂-၂၀၁၂)၏ဖျက်သိမ်းခြင်းကို (၇-၂-၂၀၂၅)နေ့နံနက် ၉:၀၀ နာရီတွင် အပြီးသတ်စာရင်းရှင်းလင်းခြင်းနှင့် နောက်ဆုံးအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက် အောက်ပါလိပ်စာအတိုင်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ဒေါက်တာမြမာလာအေး ၁၂/လသန(နိုင်)၀၀၅၁၈၂**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၂)**
**အမှတ်(၁၉၅)၊ မြသီတာလမ်း၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၁၄၈၇၄**

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဦး(ဘ)ဦးမြင့်စိုးဦး ၈/မကန(နိုင်)၂၅၃၆၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 723346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၂၆၆၈၆၅၀

### ပျောက်ဆုံးကြောင်း
ဦးမြင့်ဝေ(ဘ)ဦးသိန်းကြည် ၁၄/ဇလန(နိုင်)၀၁၁၁၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၀၁၁၅၈၆၈

### ပျောက်ဆုံးကြောင်း
စန္ဒာလေးစိုးအောင်(ဘ)ဦးစိုးအောင် ၁၂/မဘန(နိုင်)၀၈၁၉၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထိန်လင်းအောင်(ဘ)ဦးဝင်းသိန်း ၁၂/သဃက(နိုင်)၂၁၂၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဝေလင်းရှိန်(ဘ)ဦးစန်းရှိန် ၇/ပခန(နိုင်)၂၅၃၄၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 880605)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၇၅၆၅၂၂

### ပျောက်ဆုံးကြောင်း
ငယ်ချေပု(ဘ)ဦးမောင်စံထွန်း ၁၁/မဥန(နိုင်)၁၅၆၇၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 607911)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၉၆၁၀၀၃၇၈

### ပျောက်ဆုံးကြောင်း
စစ်တွေမြို့၊ ရဲနွယ်စုရပ်ကွက်နေ မောင်ထက်နိုင်(ဘ)ဦးမြတ်ကျော်ထူး ၁၁/စတန(နိုင်)၁၅၉၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 412300)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၆၀၆၁၀

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နေ မနှင်းအိဖြူ(ဘ)ဦးကြီးမြင့် ၇/သနပ(နိုင်)၁၂၈၇၈၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၀၇၆၉၆၅

### ပျောက်ဆုံးကြောင်း
နတ်မောက်မြို့၊ဖက်တောကျေးရွာနေ မအေးအေးမာ(ဘ)ဦးသိန်းစိုး ၈/နမန(နိုင်)၂၅၃၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 185433)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ (၇၃/၇၅)နေ အောင်မြတ်မင်း(ဘ)ဦးမင်းကျော်စိုး ၁၂/မဂတ(နိုင်)၀၈၆၆၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၄၅၁၁

### ပျောက်ဆုံးကြောင်း
မြိတ်မြို့၊ မြို့မ(၁)ရပ်နေ မင်းသူရိန်အောင်(ဘ)ဦးကျော်စွာဝင်း ၆/မမန(နိုင်)၂၅၉၃၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MG 690455)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၅၂၇၄၃၄၂၅

### ပျောက်ဆုံးကြောင်း
လှိုင်ကော်မြို့နယ်၊ နာနတ်တောနေ မောင်မျိုးမင်းသန့်(ဘ)ဦးဝေါကရားမိုး ၂/လကန(နိုင်)၀၇၁၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 311070)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၆၇၇၄၇၁၈၈





မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်လျက်ရှိမှုအား တွေ့မြင်ရစဉ်။



⊃ ကျောဖုံးမှအဆက်

အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရပြီး နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့သည် တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ ကျူးလွန်စေရန် ငွေကြေးမက်လုံးပေးစည်းရုံးမှုများဖြင့် အဓမ္မလူကုန်ကူးခြင်းခံထားရသည့် တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသား ၁ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၅ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၁ ဦး၊ ပါကစ္စတန်နိုင်ငံသား ၁ ဦး၊ မလေးရှားနိုင်ငံသား ၁ ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး၊ စုစုပေါင်း ၆၁ ဦးတို့အား ဖော်ထုတ်ရရှိသဖြင့် လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်ခန့်တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားနေရာ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

၎င်းတို့အား စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် ကွန်ပျူတာနှင့်ပတ်သက်သည့်လုပ်ငန်းများ၊ ဘာသာပြန်လုပ်ငန်းများအား လစာငွေအများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး တရားမဝင်ကျားဖြန့်လုပ်ငန်းမှ ကိုယ်စားလှယ်များက ထိုင်း-မြန်မာနယ်စပ်ရှိသောင်ရင်းမြစ်အား တရားမဝင် ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်းရှိ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများလုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသားအရေးယူခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်ပေးခြင်းများကိုပြုလုပ်ပေးလျက်ရှိပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများ အပါအဝင် နိုင်ငံသူနိုင်ငံသားများအနေဖြင့်လည်း ၎င်းကိစ္စရပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် သတင်းရရှိသည်။

(၁၀၀)

## မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းအတွက် နည်းပြသစ်ခန့်အပ်




**ရန်ကုန် ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းအတွက် ထိုင်းနိုင်ငံသား ပတ္တယားပီခွန်ကို နည်းပြချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်နည်းပြဟောင်းဖြစ်သူ ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်နှင့် လမ်းခွဲအပြီး ရက်ပိုင်းအကြာမှာပင် ထိုင်းနိုင်ငံသားဖြစ်သူ ပတ္တယားပီခွန်ကို နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ထိုင်းလက်ရွေးစင်ဖူဆယ် ကစားသမားဟောင်းဖြစ်သလို အရှေ့တောင်အာရှ ထိပ်သီးဖူဆယ်လက်ရွေးစင်အသင်းများကို ကိုင်တွယ်ခဲ့ဖူးသည့် ပတ္တယားပီခွန်ကို မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းအတွက် ခန့်အပ်နိုင်ခဲ့ခြင်းဖြစ်သည်။ အသက် ၅၆ နှစ်ရှိ ပတ္တယားပီခွန်သည် AFC Futsal Level-3 နည်းပြလိုင်စင်ရရှိထားသူဖြစ်ပြီး ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ ဖူဆယ်လက်ရွေးစင်အသင်းများနှင့် ထိုင်းဖူဆယ်ကလပ်အသင်းများကို ကိုင်တွယ်ခဲ့သူဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် ယခုနှစ်အတွင်း အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ အာရှဖလားဖူဆယ်ခြေစစ်ပွဲနှင့် (၃၃)ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး နည်းပြသစ် ပတ္တယားပီခွန်အနေဖြင့် ရလဒ်ကောင်းရရှိအောင် စွမ်းဆောင်ပေးရမည်ဖြစ်သည်။

**သတင်း-ရဲရင့်လွင်**
**ဓာတ်ပုံ-MFF**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ဒုတိယအကြိမ်ထုတ်ချေး

**ဖောင်းပြင် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖောင်းပြင်မြို့နယ် အောက်တောင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့တွင်ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အောက်တောင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၃၂၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက အောက်တောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၆ ဦးအတွက် ငွေကျပ် ၃၂၇ သိန်းကို တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချစ်ဦးကို**

## ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့် မန်ယူအသင်းခံစစ်ကစားသမား လုခ်ရှော ဒဏ်ရာထပ်မံရရှိသည့်အတွက် လေးပတ်ခန့်အနားယူရမည်




မန်ချက်စတာ ဖေဖော်ဝါရီ ၆

မန်ယူအသင်း ခံစစ်ကစားသမား လုခ်ရှောသည် ဒဏ်ရာကြောင့် ကာလရှည်အနားယူနေရာမှ ပြီးခဲ့သည့်ရက်ပိုင်းက အနည်းငယ်ပြန်လည်သက်သာလာပြီးနောက် အပေါ့စားလေ့ကျင့်ခန်းများ စတင်လုပ်ဆောင်ခဲ့သော်လည်း ဒဏ်ရာထပ်မံရရှိသည့်အတွက် လေးပတ်ခန့် အနားယူရမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၉ နှစ်အရွယ် လုခ်ရှောသည် နောက်ပိုင်းဘောလုံးရာသီများတွင် ဒဏ်ရာပြဿနာများကြောင့် မကြာခဏအနားယူနေရသူဖြစ်ပြီး ယခုဘောလုံးရာသီတွင်လည်း ၂၀၂၄ ခုနှစ် ဇူလိုင်လက အင်္ဂလန်အသင်းနှင့်သွားရောက်ပူးပေါင်းစဉ် ဒူးဒဏ်ရာရရှိပြီးနောက် ကာလရှည်အနားယူနေခဲ့ရပြီး ၂၀၂၄ ခုနှစ်နိုဝင်ဘာလမှစတင်ပြီး အသင်းတွင် ပြန်လည်ကစားခဲ့သော်လည်း ဒီဇင်ဘာလ ၁ ရက်က ကစားသည့် မန်ယူအသင်းနှင့် အဲဗာတန်အသင်းတို့ ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိပြီးနောက် ထပ်မံအနားယူနေရသူဖြစ်သည်။

ထို့နောက် လုခ်ရှောသည် ဒူးဒဏ်ရာမှပြန်လည်သက်သာလာပြီးနောက် အသင်းလိုက်လေ့ကျင့်ခန်းမလုပ်ဆောင်နိုင်သေးသော်လည်း ကြွက်သားမှုပိုင်းအတွက် အပေါ့စားလေ့ကျင့်ခန်းများစတင်လုပ်ဆောင်ခဲ့ကာ လေ့ကျင့်စဉ်ကာလတွင် တံကောက်ကြောဒဏ်ရာထပ်မံရရှိခဲ့ခြင်းကြောင့် လေးပတ်ခန့် အနားယူရမည်ဟု မန်ယူအသင်းက အတည်ပြုထုတ်ပြန်ပြီးနောက် အသင်းပရိသတ်များက လုခ်ရှော၏ကြံ့ခိုင်မှုပိုင်းနှင့်ပတ်သက်ပြီး ဝေဖန်မှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လုခ်ရှောက"ကျွန်တော့်ရဲ့ကြံ့ခိုင်မှုနဲ့ပတ်သက်ပြီး ပရိသတ်တွေ စိတ်ပျက်နေကြတာ၊ ဒေါသထွက်နေကြတာ နားလည်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ဒဏ်ရာရရှိနေမှုနှင့်ပတ်သက်ပြီး အားလုံးထက် ကျွန်တော်က ပိုပြီးအနာကျင်ရဆုံးပါပဲ" ဟု လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားဖော်ပြခဲ့သည်။

လုခ်ရှောသည် ယခုဘောလုံးရာသီတွင် မကြာခဏဒဏ်ရာရရှိနေသည့်အတွက် ကာလရှည်အနားယူနေရပြီး အသင်းနှင့်ပြိုင်ပွဲစုံသုံးပွဲသာ ပါဝင်ကစားနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

*Ref;The Athletic*

## နည်းပြ ဟန်ဆီဖလစ်က ပွဲထွက်ဂိုးသမားအဖြစ် ဆက်ဇနီကိုသာ ဆက်လက်အသုံးပြုရန်ဆုံးဖြတ်

ဘာစီလိုနာ ဖေဖော်ဝါရီ ၆

ဘာစီလိုနာအသင်းနည်းပြ ဟန်ဆီဖလစ်က လက်ရှိအသင်း၏ ပွဲထွက်ဂိုးသမားအဖြစ် ဆက်ဇနီကိုသာ ဆက်လက်အသုံးပြုရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်း ပွဲထွက်ဂိုးသမားအဖြစ် ဂိုးသမား တာစတီဂျန်သည် ယခုဘောလုံးရာသီအစပိုင်းတွင် ဒူးအရွတ်စုတ်ပြဲဒဏ်ရာကြောင့် ကာလရှည်အနားယူနေရသည့်အတွက် ဘာစီလိုနာအသင်းက ကစားသမားဘဝမှ အနားယူထားသည့် ဂိုးသမား ဆက်ဇနီကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဆက်ဇနီသည် တာစတီဂျန်အနားယူနေသည့်အချိန်တွင် အသင်းပွဲထွက်ဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့သော်လည်း တချို့ပွဲစဉ်များတွင် မလိုလားအပ်သည့်အမှားအယွင်းများ ကျူးလွန်ခဲ့သည့်အတွက် ဝေဖန်မှုများခံစားရင်ဆိုင်နေရသော်လည်း နည်းပြ ဟန်ဆီဖလစ်က ဆက်ဇနီကိုသာ ဆက်လက်အသုံးပြုမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နည်းပြဟန်ဆီဖလစ်က"ကျွန်တော့်အနေနဲ့ ဆက်ဇနီနဲ့ ပီနာတို့ကို ဘယ်သူ့ကိုမှအခွင့်အရေးပေးတာမဟုတ်ပါဘူး။ အသင်းရဲ့ အနာဂတ်အကျိုးအတွက် တွေးပြီးဆုံးဖြတ်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

## ပြီးခဲ့သည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ဂါနာချိုကိုခေါ်ယူလိုသော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေခဲ့ကြောင်း နာပိုလီအသင်းအားကစားဒါရိုက်တာပြောကြား

မန်ချက်စတာ ဖေဖော်ဝါရီ ၆

နာပိုလီအသင်းအားကစားဒါရိုက်တာ မန်နာကမီမိတို့အနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းလူငယ်ကစားသမား ဂါနာချိုကိုခေါ်ယူလိုသောကြောင့် ကြိုးပမ်းမှုလုပ်ဆောင်ခဲ့သော်လည်း ၎င်း၏မြင့်မားသည့် လုပ်ခလစာညှိနှိုင်းမှု အဆင်မပြေဖြစ်ခဲ့သည့်အတွက် မအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

ဂါနာချိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး အဓိက ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရပြီး နည်းပြအမိုရင်လက်အောက်တွင်လည်း ရုန်းကန်နေရသည့်အတွက် ပြီးခဲ့သည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းက သင့်လျော်သည့်ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂါနာချိုကို ပြီးခဲ့သည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက နာပိုလီအသင်းနှင့်အတူ ပြိုင်ဘက်ချယ်လ်ဆီးအသင်းကလည်း ခေါ်ယူရန်ကြိုးပမ်းမှုများလုပ်ဆောင်ခဲ့ကြသော်လည်း ပြောင်းရွှေ့ကြေးညှိနှိုင်းမှုအဆင်မပြေခဲ့သည့်အတွက် အသင်း၌သာ ဆက်လက်ရှိနေခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းသည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကလည်း မန်ယူအသင်းကွင်းလယ်ကစားသမား မက်တွန်မီနေးကို ခေါ်ယူနိုင်ခဲ့ပြီး မက်တွန်မီနေးအနေဖြင့် အသင်း၌ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အဓိက ကစားသမားအဖြစ်ပါဝင်လျက်ရှိပြီး ပြီးခဲ့သည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက ခါဗီချာအနေဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ခဲ့သည့်အတွက် ၎င်း၏နေရာ၌ ဂါနာချိုနှင့်ပြန်လည်အစားထိုးရန် ကြိုးပမ်းခဲ့ခြင်းကြောင်း သိရသည်။

*Ref;Fotmob*

## ဂိုးသွင်းယူအပြီး ပြိုင်ဘက်ကစားသမား၏အောင်ပွဲခံမှုကဲ့သို့ လှောင်ပြောင်အောင်ပွဲခံမှုပြုလုပ်ပါက အရေးယူရန် ပရီးမီးယားလိဂ်စီစဉ်နေ

လန်ဒန် ဖေဖော်ဝါရီ ၆

ပရီးမီးယားလိဂ်အဖွဲ့ချုပ်က ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ကစားသမားများ ဂိုးသွင်းယူအပြီး ပြိုင်ဘက်ကစားသမားများ၏အောင်ပွဲခံမှုကဲ့သို့ လှောင်ပြောင်အောင်ပွဲခံမှုပြုလုပ်ပါက အရေးယူမှုပြုလုပ်နိုင်မည့် စည်းမျဉ်းသစ်ကိုရေးဆွဲရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နောက်ပိုင်းဘောလုံးလောကတွင် ကစားသမားများအနေဖြင့် ကိုယ်ပိုင်အောင်ပွဲခံမှုပုံစံအမျိုးမျိုးရှိနေပြီး ကစားသမားတချို့အနေဖြင့် ဂိုးသွင်းယူပြီးလျှင် ပြိုင်ဘက်အသင်းကစားသမား၏အောင်ပွဲခံမှုပုံစံဖြင့် လှောင်ပြောင်ကာ အောင်ပွဲခံမှုပြုလုပ်သည့်ဖြစ်စဉ်များပေါ်ထွက်လာပြီးနောက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က လှောင်ပြောင်အောင်ပွဲခံမှုများကို တားဆီးရန် စတင်စီစဉ်နေခြင်းဖြစ်သည်။

နောက်ပိုင်းဘောလုံးပွဲစဉ်များတွင် ကစားသမားများအနေဖြင့် ဂိုးသွင်းယူပြီးလျှင် ပြိုင်ဘက်အသင်းကစားသမား၏အောင်ပွဲခံမှုပုံစံအတိုင်း လက်စားချေအောင်ပွဲခံမှုကို ပရီးမီးယားလိဂ်အဖွဲ့ချုပ်က သဘောကျခြင်းမရှိသည့်အတွက် စည်းမျဉ်းတစ်ရပ်ရေးဆွဲရန် စတင်စီစဉ်ခြင်းဖြစ်သည်။

ပြီးခဲ့သည့် အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ကစားသည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းလူငယ်ကစားသမား လီဝစ်စကယ်လီသည် အသင်းအတွက် ဂိုးသွင်းယူအပြီးတွင် ပြိုင်ဘက်ကစားသမား ဟာလန်းအောင်ပွဲခံသည့်ပုံစံနှင့်တစ်ပုံစံတည်း လှောင်ပြောင်အောင်ပွဲခံသည့်အတွက် ပရီးမီးယားလိဂ်က အဆိုပါဖြစ်ရပ်များကို တားမြစ်ရန်စတင်စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Goal*



# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား **၁၅-၁-၂၀၂၅** ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၁၈-၂-၂၀၂၅** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ပျောက်ဆုံးကြောင်း**
နီနီခိုင်(ဘ)ဦးစိန်လွင် ၁၂/သကတ(နိုင်)၁၇၃၉၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 199674)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၅၇၄၁၂၃၅၆

**ပျောက်ဆုံးကြောင်း**
စုနိုင်အေး(ဘ)ဦးဌေးဝင်း ၅/ကလထ(နိုင်)၂၁၀၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 518408)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၅၇၄၈၄၀

**ပျောက်ဆုံးကြောင်း**
နီနီဇော်(ဘ)ဦးကြည် ၉/မခန(နိုင်)၂၁၅၆၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 026844)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၅၆၉၉၂၉၆

**ပျောက်ဆုံးကြောင်း**
စန်းစန်းရီ(ဘ)ဦးအုန်းခိုင် ၁၂/မဘန(နိုင်)၀၃၆၃၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 889613)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၅၀၈၇၉

**ပျောက်ဆုံးကြောင်း**
ခိုင်ဇာမော်(ဘ)ဦးမြင့်အေး ၁၂/သကတ(နိုင်)၁၉၄၆၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 326390)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၈၇၆၃၂၃၀

**ပျောက်ဆုံးကြောင်း**
အိအိခိုင်(ဘ)ဦးရွှေတင် ၁၂/တတန(နိုင်)၂၁၆၄၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 550106)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၅၅၃၅၅၀၄၂

**ပျောက်ဆုံးကြောင်း**
ဝင်းကို(ဘ)ဦးကိုစိုး ၁၄/ကပန(နိုင်)၂၂၅၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 174294)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၄၅၀၈၆၂၅

**ပျောက်ဆုံးကြောင်း**
ဇင်မာ(ဘ)ဦးလှဖေ ၁၂/ရကန(နိုင်)၀၀၁၅၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 239517)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၄၇၅၂၃၁၉

**ပျောက်ဆုံးကြောင်း**
သူရဦး(ဘ)ဦးမြင့်ဦး ၁၂/ကခက(နိုင်)၀၉၈၁၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၅၇၉၇၀၇

**ပျောက်ဆုံးကြောင်း**
အောင်နေမျိုးဝင်း(ဘ)ဦးတင်ဝင်း ၁၂/လကန(နိုင်)၂၆၅၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သန္တာစိုး(ဘ)ဦးအောင်စိုး ၁၂/ဥကတ(နိုင်)၁၃၄၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
လှိုင်လင်းအောင်(ဘ)ဦးကျော်ညွန့် ၉/ငဇန(နိုင်)၁၂၅၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် ဖေဖော်ဝါရီ ၆

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက ၂၀၂၅ ခုနှစ်တွင် တင်သွင်းမည့် NDCs 2nd Update အစီရင်ခံစာ၌ ကဏ္ဍစုံပါဝင်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ စွမ်းအင်၊ စက်မှု၊ စွန့်ပစ်ပစ္စည်းကဏ္ဍတို့အပါအဝင် အခြားဆက်စပ်ကဏ္ဍများ ထပ်မံထည့်သွင်းရေးဆွဲသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အမှာစကားပြောကြားသည်။

ယင်းနောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက လုပ်ငန်းကော်မတီ၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်တိုးတက်မှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လုပ်ငန်းကော်မတီဝင်များက ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဝင်များဖြစ်သည့် သက်ဆိုင်ရာဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကိုယ်စားလှယ်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများက in person/ virtual ဖြင့်တက်ရောက်ခဲ့ကြောင်း သိရသည်။ (၅၀၀)

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၃.၈ °C |
| လွိုင်လင် | ၄.၉ °C |
| ဟားခါး | ၅.၄ °C |
| တီးတိန် | ၆.၃ °C |
| ပြင်ဦးလွင် | ၆.၄ °C |
| ဟဲဟိုး | ၆.၄ °C |
| ပင်လောင်း | ၆.၅ °C |
| မိုင်းယန်း | ၆.၅ °C |
| မြစ်ကြီးနား | ၈.၄ °C |
| တောင်ကြီး | ၉.၁ °C |
| မင်းကင်း | ၁၀.၄ °C |
| ပူတာအို | ၁၁.၃ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၆ |
| ရှမ်း(မြောက်) | ၇ | ၂၇ |
| ရှမ်း(အရှေ့) | ၁၀ | ၂၉ |
| ရှမ်း(တောင်) | ၈ | ၂၉ |
| ချင်း | ၅ | ၂၃ |
| စစ်ကိုင်း(အထက်) | ၁၁ | ၂၇ |
| စစ်ကိုင်း(အောက်) | ၁၅ | ၃၂ |
| နေပြည်တော် | ၁၆ | ၃၂ |
| မန္တလေး | ၁၈ | ၃၄ |
| မကွေး | ၁၃ | ၃၄ |
| ရခိုင် | ၁၄ | ၃၁ |
| ပဲခူး | ၁၆ | ၃၂ |
| ရန်ကုန် | ၁၉ | ၃၂ |
| ဧရာဝတီ | ၁၇ | ၃၂ |
| ကယား | ၈ | ၂၈ |
| ကရင် | ၁၉ | ၃၄ |
| မွန် | ၂၀ | ၃၃ |
| တနင်္သာရီ | ၂၀ | ၃၆ |

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး




ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
INNWA BANK LIMITED
INNWA BANK
စာရင်းရှင်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
အချိန်ပိုင်းအပ်ငွေစာရင်း
ဘဏ်အာမခံလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၅)ခု
နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER )
(၁၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ
ကိစ္စရပ်များအား လွယ်ကူလျင်မြန်စွာ
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း – ၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း – ၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း – ၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၁

❖ **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေး ပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့်တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင်(၁/၂၀၂၄)အစည်းအဝေးသို့တက်ရောက် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ ဝင်ရောက်လာသူများအား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်လျက်ရှိ




မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်လျက်ရှိမှုအား တွေ့မြင်ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၆

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၌ လက်ရှိဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသား အချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင်ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ ပါဝင်ပတ်သက်မှုများဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ကျယ်ပြန့်စွာ လုပ်ဆောင်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို **စာမျက်နှာ ၂၈ ကော်လံ ၁ ➲**

# ပြည်ပမှစက်သုံးဆီနှင့် စားအုန်းဆီတင်သင်္ဘောများ စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိသဖြင့် ပြည်တွင်းသုံးစွဲမှု လုံလောက်သည့်အပြင် ဈေးနှုန်းမှာလည်း ယခင်ထက်လျော့နည်းကျဆင်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၆

ပြည်ပမှစက်သုံးဆီနှင့် စားအုန်းဆီတင်သင်္ဘောများ ကြိုတင်စီမံထားသည့်အတိုင်း စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိသဖြင့် ပြည်တွင်းသုံးစွဲမှု လုံလောက်သည့်အပြင် အရန်ဆီများ ကြိုတင်သိုလှောင်ထားရှိပြီး **စာမျက်နှာ ၁၀ ကော်လံ ၁ ■**



## ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၃)

ဆောင်းပါး စာ - ၁၃ သို့

## ဂွမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေတစ်စင်းအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

စာ - ၂၄ သို့

